



www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

ကံချွန်

# ဒိုးဒိုး ဒေါက်ဒေါက်

ဟာသများ

စိန်စိန်ဦးစာအုပ်တိုက်
၉-၈၊ (၄၄)
သိုးခြံမြို့သစ်
မန္တလေးမြို့

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၈၄၄/၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၄၂/၂၀၀၂ (၁၂)
မျက်နှာဖုံးဒီဇိုင်း
ကံချွန်
ထုတ်ဝေသည့်ကာလ
၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်
တန်ဖိုး
၃၅၀
စောင်ရေ
၁၀၀၀
စာအုပ်ချုပ်
ကိုမြင့်
အတွင်းနှင့်မျက်နှာဖုံး ပုံနှိပ်
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
ဦးကျော်စိန်၊ ၁၇၁၊ ၃၃ လမ်း
ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေ) (မြဲ-၀၁၄၇၃)
(၁၁၃၁/က)၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်
ရန်ကုန်မြို့

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| - | ခြေလေးချောင်း | ၁ |
| - | နောက်တစ်မျိုးက | ၁ |
| - | ရောမမြို့တည်ဆောက်ချိန် | ၂ |
| - | ရူပဗေဒ | ၂ |
| - | ဆက်သွယ်လိုလျှင် | ၃ |
| - | ပြောပြပါ့မယ် | ၃ |
| - | တာဝန်ကိုယ်စီ | ၄ |
| - | ကျွန်တော့်အဖေပါ | ၄ |
| - | မှန်ပေမယ့်မှားတယ် | ၅ |
| - | ဒုက္ခ | ၅ |
| - | အမေ | ၆ |
| - | မှန်တော့မှန်ပါရဲ့ | ၆ |
| - | အမေ့လက်ရာ | ၇ |
| - | နေဦး | ၇ |
| - | အိုင် ဒုန့် နိုး | ၈ |
| - | စီ အော တီ | ၈ |
| - | ဒီလိုပါ | ၉ |
| - | ဆရာ့စကား | ၉ |
| - | မလာသေးလို့ | ၁၀ |

www.burmeseclassic.com


| | | |
|---|---|---|
| - | သားလက်ရာ | ၁၁ |
| - | ကျွန်တော်ပါ | ၁၁ |
| - | အမေးနှင့်အမေး | ၁၂ |
| - | မနေ့ကတော့ | ၁၂ |
| - | မှန်လိုက်လေ | ၁၃ |
| - | လူသက်သေ | ၁၃ |
| - | ဩော် | ၁၄ |
| - | အဝင်အထွက် | ၁၅ |
| - | ကျန်တာက | ၁၆ |
| - | ရှာဖွေတွေ့ရှိသူ | ၁၇ |
| - | သတိပေးနေလို့ | ၁၇ |
| - | အားမရတဲ့လ | ၁၈ |
| - | ထိုနေ့ | ၁၈ |
| - | အဖြေ | ၁၉ |
| - | မနေ့ကဝယ်ထားတာ | ၁၉ |
| - | ၂၁ ရာစုရည်းစားစာ | ၂၀ |
| - | တာဝန်အရပြောတာပါ | ၂၁ |
| - | အသွားအပြန် | ၂၂ |
| - | ပြောမိမှတော့ | ၂၃ |
| - | နီးဖို့ရာဆိုရင် | ၂၃ |
| - | စိတ်ချ | ၂၄ |
| - | ဟိုတစ်စု | ၂၅ |

www.burmeseclassic.com


- ခက်တာက ၂၅
- ချစ်တဲ့အရွယ် ၂၆
- မစိုးရိမ်ပါနဲ့ ၂၇
- ပြောမယ့်ပြောတော့ ၂၇
- အင်တာဗျူး ၂၈
- နောက်မှပဲလာတော့မယ် ၂၈
- အတု ၂၉
- စာအုပ်ထဲကအသံ ၂၉
- လိုသေးတယ် ၃၀
- စိုးရိမ်လို့ ၃၀
- သားကပဲသင်ပေးရတယ် ၃၁
- လျှောက်လဲချက် ၃၁
- သားသိတာက ၃၂
- ပထမသင်ခန်းစာ ၃၃
- ငါသိတယ် ၃၄
- ဆရာကောင်းတပည့် ၃၅
- လိုအပ်တဲ့လက်ဆောင် ၃၅
- ပြချင်တဲ့နေရာ ၃၆
- နားထောင်မှသိမှာပေါ့ ၃၆
- ခိုင်းရက်ပလေ ၃၇
- မခိုးပါဘူး ၃၇
- မကြီးပါဘူး ၃၈

www.burmeseclassic.com


- သိချင်လို့ ၃၉
- အချိန်ကိုက် ၃၉
- ရှေ့နှင့်နောက် ၄၀
- သဘောချင်းတိုက်ဆိုင်လိုက်တာ ၄၁
- ဆယ်နှစ်လောက်ငယ်ချင်လို့ ၄၂
- ကောင်းတာလည်းရှိတယ် ၄၂
- လူဆိုတာ ၄၃
- သင့်တာပဲပေးပါ ၄၃
- ဆု ၄၄
- ပလို ၄၅
- အဖေ့လက်ရာ ၄၆
- မီးပျက်တဲ့ည ၄၆
- ပဟေဠိ ၄၇
- သူလုပ်ခဲ့တာ ၄၈
- မတော်တဆ ၄၉
- မမေ့သင့်ပါဘူး ၄၉
- သတိရရမယ့်အချိန် ၅၀
- မှားပြီးရင်းမှား ၅၁
- ဩော်-မင်းကိုး ၅၂
- ပိုရှူးမှာစိုးလို့ ၅၃
- လူ့စိတ် ၅၄
- ဒါလောက်လေးများ ၅၅

www.burmeseclassic.com


| | | |
|---|---|---|
| - | ကျွန်တော်နောက်မကျပါဘူး | ၅၆ |
| - | လွယ်မယ်များမှတ်နေလား | ၅၆ |
| - | ထူးခြားမှု | ၅၇ |
| - | သူရှာရတာမှမဟုတ်ဘဲ | ၅၇ |
| - | အဆိုးအကောင်း | ၅၈ |
| - | စိတ်ညစ်ရတဲ့အကြောင်းရင်း | ၅၉ |
| - | အားလုံးစိတ်ချမ်းသာဖို့ | ၆၀ |
| - | ဆိုးတာက | ၆၁ |
| - | မသိလို့ | ၆၁ |
| - | စေတနာ | ၆၂ |
| - | သူ့ထက်သူ | ၆၃ |
| - | ဒီနေ့ ပို့မယ့်နေရာ | ၆၄ |
| - | စိုးရိမ်လို့ | ၆၅ |
| - | သုံးလုံးမရှိလို့ | ၆၅ |
| - | စမ်းချင်တယ်ဆိုရင် | ၆၆ |
| - | ကလေးရဲ့သံသယ | ၆၆ |
| - | လူကြီးမင်းပဲဆုံးဖြတ်ပါ | ၆၇ |
| - | သိနေပြီ | ၆၈ |
| - | ဆင်ဆိုသည်မှာ | ၆၉ |
| - | ဖြစ်ပါ့မလား | ၇၁ |
| - | အပြန်အလှန် | ၇၂ |
| - | အားပေးတယ်လား | ၇၂ |

www.burmeseclassic.com


- သွား ၃၃
- မွေးနေ့ ၃၃
- လူပေါင်းများလို့ ၃၄
- ယူခဲ့တဲ့နေရာ ၃၅
- ကြက်နက်၏အစွမ်း ၃၆
- ငယ်သောအမှုကြီးအောင် ၃၆
- ရည်ရွယ်ချက်ကိုယ်စီ ၃၇
- သင်ချင်တဲ့အပိုင်း ၃၇
- စိုးရိမ်လို့ ၃၈
- သားလိမ္မာ ၃၈
- ဝယ်သူအမြဲမှန်တယ် ၃၉
- ဒီလလည်းရဦးမှာပဲ ၃၉
- သူလည်းသိဖို့လိုတယ် ၄၀
- ဘယ်မှာလဲရည်းစား ၄၁
- သိရတဲ့အကြောင်းရင်း ၄၁
- မူးတဲ့အချိန် ၄၂
- သိပြီလား ၄၂
- တာဝန်ကျေသူ ၄၃
- သောက်ဖူးလို့လား ၄၄
- ကိစ္စမရှိဘူး ၄၄
- ကျုပ်မရှုံးပါဘူး ၄၅
- ကြိုက်သလောက်ယူပေတော့ ၄၅

www.burmeseclassic.com


- မသိလို့မေးပါရစေ ၈၆
- လိုနေတာက ၈၇
- များတာတွေနည်းသွားအောင် ၈၇
- ဆုံးဖြတ်လို့ရပြီ ၈၈
- စိတ်ချ ၈၉
- တွက်ကြည့်ပါဦး ၉၀
- မောင်ပြန်ချိန် ၉၁
- လပေါင်းများစွာ ၉၁
- သေချာပါတယ် ၉၂
- ဖြစ်မှဖြစ်ရလေ ၉၃
- တာဝန်ရှိလို့ပါ ၉၄
- ညွှန်ကြားချက် ၉၄
- ခိုင်းချင်တာဆိုရင် ၉၅
- ခံနေလို့ဖြစ်ပါ့မလား ၉၅
- စဉ်းစားစရာ ၉၆
- ပုလင်းတူဗူးဆို့ ၉၆
- သဘောထားပြောင်းကြည့်ပါ ၉၇
- ဖြစ်နိုင်မယ်ဆိုရင် ၉၇
- ဗိုက်ပြဿနာ ၉၈
- ဘဝတူ ၉၉
- ဆရာ့စကား ၉၉
- ဗိုက်ထဲမှာ ၁၀၀

www.burmeseclassic.com


- အနာနှင့်ဆေး ၁၀၀
- ပြေးမလွတ် ၁၀၁
- နောက်တစ်နေရာ ၁၀၁
- ကြင်နာတတ်သူ ၁၀၂
- မျိုးနဲ့ရိုးနဲ့ ၁၀၄
- သံသယ ၁၀၅
- မှားပါတယ် ၁၀၇
- စိတ်နဲ့ကိုယ် ၁၀၇
- လဲရမှာက ၁၀၈
- အနမ်းသတင်း ၁၀၉
- လမ်းလျှောက်မြန်သူ ၁၁၀
- စိုးရိမ်သူ ၁၁၁
- ခါတိုင်းလိုပြောပေးရမလား ၁၁၂
- ပါ ပါတယ် ၁၁၃
- အသုံးချနည်း ၁၁၄
- ပြောလိုက်ပါ့မယ် ၁၁၅
- သိပါရစေ ၁၁၆
- အမြဲမဟုတ်ပါဘူး ၁၁၇
- စိုးရိမ်လို့ ၁၁၈
- လုံလောက်ပါတယ် ၁၁၈
- နော်. . . မောင် ၁၁၉
- ကိုစိန်မဟုတ်လား ၁၂၀

www.burmeseclassic.com


| | | |
|---|---|---|
| - | သိပါတယ် | ၁၂၂ |
| - | ငါနှစ်သက်တာက | ၁၂၃ |
| - | မျှော်လင့်ချက် | ၁၂၄ |
| - | တစ္ဆေကြောက်သူ | ၁၂၄ |
| - | စိုးရိမ်ရပါသော်ကော | ၁၂၅ |
| - | သိချင်လို့ပါ | ၁၂၅ |
| - | ဒါပဲလား | ၁၂၆ |
| - | သိပေမယ့် | ၁၂၇ |
| - | စိုးရိမ်လို့ပါ | ၁၂၈ |
| - | လိုအပ်မယ်ဆိုရင် | ၁၂၉ |
| - | နည်းနည်းပိုသွားလို့ | ၁၂၉ |
| - | ငါတောင်ကြောက်လာပြီ | ၁၃၀ |
| - | တော်သေးရဲ့ | ၁၃၀ |
| - | ကြိုတင်လေ့ကျင့်ခဲ့သလို | ၁၃၁ |
| - | မျက်စိနောက်လို့ | ၁၃၂ |
| - | အိုဗာတိုင် | ၁၃၂ |
| - | အိမ်ထောင်မရှိသူဖြစ်ရမည် | ၁၃၃ |
| - | လုပ်ငန်းခွင်ကိုပြန်သွားပါ | ၁၃၃ |
| - | နောက်ကျတဲ့အကြံပြုချက် | ၁၃၄ |
| - | ခွင့်ပြုရမှာလား | ၁၃၄ |
| - | ဒီအတိုင်းပဲနေ | ၁၃၅ |
| - | အလုပ်မရွေးပါဘူး | ၁၃၅ |


www.burmeseclassic.com


| | | |
|---|---|---|
| - | ရွှေ့ကဖိုးနောက်ကပေါ် | ၁၃၆ |
| - | အံကျပဲ | ၁၃၆ |
| - | သွားရမယ့်လမ်း | ၁၃၇ |
| - | ရတာမလို | ၁၃၇ |
| - | ဆုံးရှုံးနေတဲ့ခံစားခွင့် | ၁၃၈ |
| - | ယုံရခက်လို့ | ၁၃၈ |
| - | တော်တော့်ကိုမေ့တာ | ၁၃၉ |
| - | ရည်ရွယ်ချက် | ၁၃၉ |
| - | စားသောက်ဆိုင်မှာ | ၁၄၀ |
| - | ဘယ်အထဲအရင်လဲ | ၁၄၀ |
| - | သေချာအောင်လို့ | ၁၄၁ |
| - | အကြောင်းမှာတော့ | ၁၄၁ |
| - | လက်မှတ်ထဲကဘူတာ | ၁၄၂ |
| - | အာကျယ်လို့ | ၁၄၃ |
| - | နားကြားမမှားပါဘူး | ၁၄၃ |
| - | အပိတ်အဖွင့် | ၁၄၄ |
| - | ရင်တုန်လို့ပါ | ၁၄၄ |
| - | ဟောင်းတော့ဟောင်းတာပဲ | ၁၄၅ |
| - | ဖြစ်မယ်ထင်လုပ်ကြည့်လေ | ၁၄၅ |
| - | ယုံကြည်လို့ | ၁၄၆ |
| - | သွားကောင်းရဲ့ညည်းခြင်း | ၁၄၇ |
| - | ဆာလှပြီ | ၁၄၇ |

www.burmeseclassic.com


- ဝန်ဆောင်မှု ၁၄၈
- မပင်ပန်းအောင်လို့ ၁၄၈
- သူငယ်ချင်းကောင်း ၁၄၉
- အဲဒါတော့မပေးနိုင်ဘူး ၁၄၉
- ရှင်သန်ဖို့ ၁၅၀
- ပြောရမှာရှက်လို့ ၁၅၀
- ဘာတတ်နိုင်သေးလဲ ၁၅၁
- ဘယ်သိမှာလဲ ၁၅၁
- အကျင့် ၁၅၂
- သန့်ပါတယ် ၁၅၂
- ကြောက်ပေမယ့် ၁၅၃
- ငါ့အကြောင်းပါသိတယ် ၁၅၃
- သေချာပါတယ် ၁၅၄
- ကျေးဇူးတင်ရမှာနဲ့ မတန်လို့ ၁၅၄
- မေ့နေလို့ ၁၅၅
- စောင့်ပါဦး ၁၅၆
- သိသင့်တယ်ထင်လို့ပါ ၁၅၆
- ဟုတ်ကဲ့သူဌေး ၁၅၇
- စက္ကူရီထေရီဆိုတာ ၁၅၈
- ကျွမ်းကျင်တဲ့သူပဲကောင်းပါတယ် ၁၅၈

www.burmeseclassic.com




ကျေးဇူးစကား ...

ဒေါ်သီသီရှိန်
လ/ထ ကထိက
တရုတ်ဘာသာဌာန
ရန်ကုန်နိုင်ငံခြားဘာသာ
တက္ကသိုလ်အား
အထူးကျေးဇူးတင်ပါတယ်။

www.burmeseclassic.com

# ကံချွန်

# ဒိုဆိုး

# ဒေါထ်ဒေါထ်

# ဟာသများ



www.burmeseclassic.com

# ဗတ်ချင်သလိုဗတ်

(၁)

ဟာသပုံပြင်များကို ရုဆောင်း၍ "ကြားဖူးနားဝဟာသပုံပြင်များ" အမည်ဖြင့် စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်မှာ (၅) အုပ်ရှိပါပြီ။

ယခုစာအုပ်မှာ ပုံပြင်မဟုတ်သော ဟာသတိုလေးများဖြစ်၍ "ဒိုးဒိုးဒေါက်ဒေါက် ဟာသများ"ဟု အမည်ပေးလိုက်ရခြင်းဖြစ်ပါသည်။

× × ×



www.burmeseclassic.com

(၂)

ဓါတ်ပုံအနုပညာရှင် ဗျောင်ဦးသန်းဌေးက

“ရော့ ကိုကံ၊ ကျွန်တော့်သား ဇင်မင်း သူ့ဆရာမဆီ ကယူလာတဲ့ တရုတ်ဟာသတွေ၊ အင်္ဂလိပ်လိုလည်းပါ တယ်” ဆိုပြီး စာအုပ်တစ်အုပ်ပေးပါသည်။ ဟာသတိုတွေ ကို အင်္ဂလိပ်လိုနှင့်တရုတ်လိုနှစ်ဘာသာဖြင့်ရေးထားသည်။ တရုတ်ဟာသကို အင်္ဂလိပ်လိုပြန်ဆို ပူးတွဲဖေါ်ပြသည်လား? အင်္ဂလိပ်ဟာသကို တရုတ်လိုပြန်ဆို ရေးသားထားသည်လား တော့ ကျွန်တော် တိတိကျကျ မသိပါ။ အင်္ဂလိပ်လိုဖတ်ရ သလောက်ဖတ်ကြည့်ပြီး ကျွန်တော်ခံစားလို့ ရသလောက်ကို ကျွန်တော်ခံစားရ သလို ပြန်ရေးရန် ဆုံးဖြတ်လိုက်ပါသည်။ ရေးရာတွင်

တိုက်ရိုက်ပြန်ဆိုသည်ရော
ပြောင်းလဲရေးသားသည်ရော
ဆင့်ပွားခံစားမိသည်ရော

ပါဝင်ပါသည်။

× × × × ×

www.burmeseclassic.com

(၃)

ထိုစာအုပ်ကိုဖတ်ရစဉ်က လေ–မျက်နှာ–အမူအယာ အလွန်ကောင်းသော မန္တလေးလူရွှင်တော်တို့၏ပျက်လုံးများကို နားထောင်နေရသလိုခံစားရသောကြောင့် ဤစာအုပ်ကို ပြန်ဆိုရေးသားရခြင်းဖြစ်ပါသည်။ ဟာသအရသာကို မျှဝေလိုက်ရခြင်းဖြစ်ပါသည်။

ပျင်းလို့ပဲဖတ်ဖတ်

အားလို့ပဲဖတ်ဖတ်

ကြိုက်လို့ပဲဖတ်ဖတ်

အစဉ်အလိုက်ပဲဖတ်ဖတ်

ကျော်လွှားပဲဖတ်ဖတ်


သေချာတာကတော့ ရယ်ရမှာဆိုတာပါပဲခင်ဗျား။

ဂျမ်းဂျမ်းချွန်

www.burmeseclassic.com

## ခြေလေးချောင်း

☺ တိရစ္ဆာန်နှစ်ကောင်ရဲ့ အမည်ကိုပြောပြပါ။ သူတို့မှာ ခြေလေးချောင်း ရှိရမည်။
☺ ကြက်ဖနှစ်ကောင်ပါ။



## နောက်တစ်မျိုးက

☺ သဘာဝလောကကြီးကို တည်နေအောင် ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဓာတ်ကြီးလေးပါးကိုပြောစမ်း။
☺ မြေ–လေ–မီး ... မီးပြီးတော့ ... ပြီးတော့ ...
☺ မင်းလက်ကို သန့်ရှင်းအောင် ဘာကို သုံးရသလဲ။
☺ ဆပ်ပြာ

www.burmeseclassic.com


## ရောမမြို့တည်ဆောက်ချိန်



☺ ရောမမြို့ကြီးကို ဘယ်အချိန်မှာ တည်ဆောက်ခဲ့သလဲ။
☺ ညမှာပါ။
☺ ဘာလို့ညလို့ပြောရတာလဲ။
☺ ဆရာပဲ ပြောတယ်လေ။ ရောမမြို့ကြီးကို တစ်နေ့တည်းနှင့် မတည်ဆောက်နိုင်ဘူးလို့။

## ရုပ်ဗေဒ



☺ မိုးခြိမ်းရင် လျှပ်စီးလက်တာကို အရင်မြင်ရပြီး အသံကိုနောက်မှ ကြားရတာ ဘာလို့လဲ။
☺ မျက်စိက နားထက် ရှေ့နည်းနည်းပိုရောက်နေလို့ခင်ဗျ။

www.burmeseclassic.com



## ဆက်သွယ်လိုလျှင်

☺ ခရစ်တိုဖာကိုလံဘတ်ရဲ့နောက်မှာ (၁၄၅၁–၁၅၆၀) ဆိုပြီးပါတယ်။ အဲဒီဂဏန်းတွေရဲ့ အဓိပ္ပာယ်ကိုသိရဲ့လား။

☺ ကိုလံဘတ်ရဲ့ တယ်လီဖုန်းနံပါတ်ပါဆရာ။



## ပြောပြပါ့မယ်

☺ မင်းရဲ့အိမ်စာတွေမှားနေတယ်။ ဆရာ ရှင်းပြမယ်။ သေသေချာချာနားထောင်။

☺ ဟုတ်ကဲ့–ကျွန်တော် မေ့မေ့ကို သေသေချာချာ ပြန်ပြောပြပါမယ်။



www.burmeseclassic.com


တာဝန်ကိုယ်စီ

☺ မင်းရဲ့အိမ်စာတွေကိုဖြေဖို့ မင်း အဖေကိုချည်း အမြဲမေးနေတာပဲလား။

☺ အမေက အလုပ်မအားလို့ပါ။



ကျွန်တော့်အဖေပါ

မောင်မောင်က ကျောင်းအုပ်ဆရာကြီးဆီကို ဖုန်းဆက်ပြီး–

☺ ကျွန်တော့်သားကို ခွင့်ပေးဖို့ ခွင့်တိုင်တာပါ။

☺ ခု ဖုန်းဆက်တာဘယ်သူလဲ။

☺ ကျွန် ... ကျွန် ... ကျွန်တော့် အဖေပါ ဆရာကြီး။

စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com





## မှန်ပြေမယ်မှားတယ်

☺ စိတ္တဇနောမ်ဆိုတာဘာလဲ။

☺ မသိဘူးဆရာ။

☺ ထိလို့ကိုင်လို့မရတဲ့ အရာ အမည်ပေါ့။

☺ သိပြီဆရာ။ မီးဖိုပေါ်က ထမင်းအိုးပါ။



## ဒုက္ခ

☺ ရေကူးကျွမ်းကျင်တာလည်း မပြောနဲ့။ မနက်တိုင်း မြစ်ကို သုံးကြိမ်ဖြတ်ကူးတယ်။

☺ ဒုက္ခပဲ။

☺ ဘာဒုက္ခလဲ။

☺ ဒီဘက်ကျန်နေတဲ့ အဝတ်တွေ ဘယ်လိုပြန်ဝတ်သလဲ။

www.burmeseclassic.com


## အမေ

☺ မောင်လှနဲ့ မောင်မြ မင်းတို့ရဲ့ “ကျွန်တော်တို့အမေ” စာစီစာကုံးက တူနေပါလား။

☺ ကျွန်တော်တို့ အမေက တစ်ယောက်တည်းမို့ပါ။



## မှန်တော့ မှန်ပါရဲ့

☺ နာမ်တစ်ခုကိုပြောပါ။

☺ “နွား” ပါဆရာ။

☺ မှန်တယ်၊ ကဲ ... နောက်တစ်ယောက် ပြောပါဦး။

☺ နောက်ထပ်နွားတစ်ကောင်ပါခင်ဗျ။

www.burmeseclassic.com




## အမေ့လက်ရာ

☺ မင်း ဒီနေ့အိမ်စာတွေ မှားလာပါလား။ ဘယ်လိုဖြစ်တာလဲ။ ခါတိုင်းတော့မှန်ပြီးတော့။

☺ အမေက အဖေ့လောက်မတော်လို့ပါဆရာ။

## နေဦး

☺ မင်း လက်နှိပ်စက်ရိုက်တာ အမှားများနေတယ်။ ဒီမှာ ဆယ့်ခုနစ်လုံးတောင် တွေ့နေတယ်။

☺ ဆယ့်ခုနစ်လုံးကို မှားတယ်လို့ ပြောတာလားဆရာ။

☺ နေဦး ငါဒုတိယစာကြောင်း ဆက်ဖတ်လိုက်ဦးမယ်။



www.burmeseclassic.com
ရ ကံချွန်

## အိုင်ဒုန့်နိုး

☺ အင်္ဂလိပ်စာသင်ချိန်မှာမကြာ
ခဏကြားရတဲ့ စကားသုံးလုံး။

☺ I don't know ပါဆရာ။

☺ မှန်တယ်။

## စီအေတီ

☺ C A T ကက်ရဲ့ အဓိပ္ပာယ်
သိရဲ့လား။

☺ မသိဘူးခင်ဗျ။

☺ မင်းအိမ်မှာ ကြွက်တွေကို
ဘယ်သူဖမ်းသလဲ။

☺ အမေထောင်ခြောက် ထောင်ပြီး
ဖမ်းပါတယ်။





စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## ဒီလိုပါ

☺ မင်းဘာလို့နောက်ကျတာလဲ။

☺ အိပ်မက်ထဲမှာ ဘောလုံးကန်နေရလို့ပါ။ တစ်ဘက်အသင်းကလာတာနောက်ကျတော့ ပွဲစချိန်လည်းနောက်ကျသွားတယ် ဆရာ။



## သရော့စကား

တပည့် ။ ။ ကျွန်တော်က(၁၆)နှစ် ဒီကျောင်းမှာ နေရမှာပေါ့။ (ငိုလျက်)

ဆရာ ။ ။ မငိုပါနဲ့ကွာ။ ငါဆို အသက် (၆၀) ထိ ဒီကျောင်းမှာ နေရမှာကွ။

စိန်စိန်ဦး စာအုပ်တိုက်


www.burmeseclassic.com


## မလာသေးလို့

တစ်နေ့မှာ ဆရာက "ကျွန်တော် မန်နေဂျာ ဖြစ်ခဲ့လျှင်" ဆိုပြီး စာစီစာကုံး အရေးခိုင်းပါတယ်။ ကျောင်းသားတွေအားလုံးရေးပေမယ့် တစ်ယောက်က မရေးဘူး။ ဒီတော့ ဆရာကအဲဒီကျောင်းသားနားသွားပြီး

☺ မင်းကဘာလို့ မရေးသေးတာလဲ။

☺ အတွင်းရေးမှူးကို စောင့်နေတာပါ။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com




## သားလက်ရာ


☺ မင်းရဲ့အိမ်စာတွေဒီနေ့တော့ မှန်သားပဲ။

☺ အဖေကမအားလို့၊ အမေ လည်း ဈေးသွားနေတာနဲ့။

## ကျွန်တော်ပါ

☺ အခြေခံအကြောင်းရင်း ဆိုတာ ဘာလဲ။

☺ အဖေကတော့ အိမ်မှာ ဘာ ပြဿနာပဲဖြစ်ဖြစ် အခြေခံ အကြောင်းရင်းကတော့ မင်းပဲ လို့ပြောတယ်ခင်ဗျ။



www.burmeseclassic.com


### ဘာမေးနှင့်ဘာမေး

☺ မင်းအမြဲသဘော်ခစီး ခရီးသွား နေပြီး ခုထိရေမကူးတတ်သေး ဘူးလား။

☺ ခင်ဗျားရော အမြဲလေယာဉ်ပျံစီး ခရီးသွားနေပြီး ခုထိ မပျံတတ် သေးဘူးလား။

### မနေ့ကတော့


☺ မင်းကိုငါမေးနေတာ ကြားရဲ့ လား။ တစ်ခုခုတော့ ပြန်ပြော ဖို့သင့်တာပေါ့။

☺ မနေ့ကတော့ ပြန်ပြောတာ မကြိုက်ဘူးဆို။



www.burmeseclassic.com


## မှန်လိုက်လေ



☺ ဝရာစုက အဖြစ်အပျက်တွေ ထဲက တစ်ခုကို ပြောပြပါ။

☺ သူတို့အားလုံးသေကုန်ပြီ။

## လူသက်သေ



☺ ကမ္ဘာကြီး လုံးတဲ့အကြောင်း ဘယ်လိုကြောင့် ပြောနိုင်သလဲ။ သက်သေသုံးခုပြပါ။

☺ မမကလည်း ပြောပါတယ်။ ဖေဖေကလည်း ပြောပါတယ်။ ဆရာလည်း ဟိုနေ့က ပြောပါတယ်။

www.burmeseclassic.com


ပြော

ဆရာက ရှုခင်းတစ်ခုပုံ ဆွဲဖို့ ပြောတော့ ကျောင်းသားတွေအားလုံး ဆွဲကြပေမယ့် တစ်ယောက်က မဆွဲဘူး။ အဲဒီကျောင်းသားနားသွားပြီး

☺ မင်းကဘာလို့ မဆွဲတာလဲ။

☺ ဆွဲပြီးပြီဆရာ၊ နွားတစ်ကောင် မြက်စားနေတဲ့ပုံ။

☺ ဘယ်မှာလဲနွား။

☺ ရေသောက်ဖို့ထွက်သွားပြီ ဆရာ။

☺ မြက်ကရော။

☺ နွားစားလို့ကုန်သွားပြီ။



www.burmeseclassic.com


## ဘဝင်ကြွက်


ကျောင်းသားလေးတွေကမွေးမြူရေးခြံကို လေ့လာနေကြတယ်။

ခြံရှင် ။ ။ ဒီဥတွေထဲက ကြက်ကလေးတွေ ပေါက်လာတာပဲ။

ကလေး ။ ။ အံ့သြစရာပဲနော်။

ခြံရှင် ။ ။ ကြက်ကလေးတွေ ထွက်လာတာကို လား။

ကလေး ။ ။ ဟင့်အင်း ကြက်လေးတွေဥထဲဘယ်လိုဝင်ခဲ့သလဲဆိုတာပါ။



www.burmeseclassic.com


## ကျန်တာက

☺ လေးထဲက လေးနှုတ်ရင်
ဘယ်လောက်ကျန်မလဲ။
(ဖြေသံမကြားရ)

☺ ကဲ..မင်းရုပ်စမ်း။ မင်းအိပ်ထဲမှာ လေးကျပ် ပါလာတယ် ဆိုပါတော့။ အိပ်ထောင်အပေါက်က နေ အဲဒီ လေးကျပ်ကျသွားရင် အိပ်ထောင်ထဲမှာ ဘာကျန်မလဲ။

☺ အပေါက်ကျန်မယ်ဆရာ။



www.burmeseclassic.com




## ရှာဖွေတွေ့ရှိသူ

☺ မောင်မောင် ကမ္ဘာ့မြေပုံထဲက ဩစတေးလျကို ရှာပြစမ်း။

☺ ဒီမှာပါဆရာ။

☺ မှန်တယ်။ကဲ မောင်ဝင်းအောင် ပြောစမ်း ဩစတေးလျ ကို ဘယ်သူရှာဖွေ တွေ့ရှိတာလဲ။

☺ မောင်မောင်ပါဆရာ။



## သတိပေးနေလို့

☺ မင်းကဘာလို့ ကျောင်းအမြဲ နောက်ကျရတာလဲ။

☺ လမ်းထောင့် ရောက်တိုင်း သတိပေး ဆိုင်းဘုတ်တွေ့နေ ရလို့ပါ။
ကျောင်းရှိသည် ဖြည်းဖြည်းတဲ့။

www.burmeseclassic.com


အားမရတဲ့လ

☺ မိန်းမတွေ စကားနည်းတဲ့ လ ရှိသလား။
☺ ဖေဖော်ဝါရီလလေ။ ၂၈ရက် ပဲ ရှိတဲ့လ။

ထိုနေ့

☺ မင်းတို့ ကစားဖူးတဲ့ အားကစားပွဲ အကြောင်း စာစီ စာကုံးရေးပါ။
(ခဏအကြာတွင် အဖြေလွှာ တစ်ခုရောက်လာသည်။)
"ထိုနေ့က မိုးရွာ၍ ကျွန်တော်တို့ မကစားလိုက်ရပါ။"



www.burmeseclassic.com


## အဖြေ

☺ နွားနို့ပါတဲ့ အရောင်းခုပြောပါ။

☺ ထောပတ် နှင့် မလိုင်မုန့်လေးခုပါ ဆရာ။



## မနေ့ကမှဝယ်လာတာ

☺ ကဲ ဖြေစမ်း ဆရာက မင်းကို ယုန်ငါးကောင် ပေးမယ်။ နောက်ရက်ကျတော့ တစ်ခါ ယုန်သုံးကောင်ပေးရင် မင်းဆီမှာ ယုန်ဘယ်နှစ်ကောင် ဖြစ်သွားမလဲ။

☺ ကိုးကောင်ပါဆရာ။

☺ ရှစ်ကောင်ဖြစ်ရမှာပေါ့။

☺ ကျွန်တော် မွေးထားတဲ့ တစ်ကောင်ရှိသေးတယ်ဆရာ။

www.burmeseclassic.com


၂၁ ရာစုရည်းစားစာ

☺ မောင်တို့ဟာ လမ်းလေးသာ
ခြားတယ်ဆိုပေမယ့် မောင့်စိတ်
ထဲမှာတော့ ကမ္ဘာခြားသလို
ခံစားရပါတယ်။ စက္ကန့်နဲ့အမျှ
မ, ကို သတိရနေတယ်။ မ,ကို
တွေ့ဖို့အတွက်ဆိုရင်ဓားတောင်
ကိုကျော်ရ ကျော်ရ၊ မီးပင်လယ်
ဖြတ်ရဖြတ်ရ၊ သားရိုင်း ပေါတဲ့
တောကို တိုးရ တိုးရ၊ ဝန်မလေး
ပါဘူး မ,ရယ်။
လာမယ့်စနေနေ့ည ကိုးနာရီမှာ
အိမ်ရှေ့ကို ထွက်ခဲ့ပါလား။
မိုးမရွာရင်မောင်လာခဲ့မယ်။

မောင်



www.burmeseclassic.com


## တာဝန်ကျေရပြောတာပါ

စာတိုက်ဝန်ထမ်းက စာတိုက်ပုံးကိုဖွင့်ပြီးစာတွေကိုသိမ်းတယ်။ ပြီးတော့ စာတိုက်ထဲဝင်သွားတယ်။ ရပ်ကြည့်နေတဲ့ ကလေးနှစ်ယောက်ထဲကတစ်ယောက်ကမပိတ်ရသေးတဲ့စာတိုက်ပုံးထဲ ဝင်ထိုင်ပြီး တံခါးကိုဆွဲပိတ်လိုက်တယ်။ ထွက်ချင်တော့ ပြန်တွန်းဖွင့်တော့ တံခါးက ဖွင့်လို့မရတော့ဘူး။ ပုံးထဲပိတ်မိနေတဲ့ ကလေးကကြောက်လန့်ပြီးအော်ငိုတော့တာပေါ့။ ဒီတော့ အပြင်က ကလေးက စာတိုက်ထဲ ပြေးဝင်ပြီး သော့ဖွင့်ပေးဖို့ ပြောတယ်။



ဝန်ထမ်းတွေကလည်း ပြေးထွက်လာပြီး ပိတ်မိနေတဲ့ကလေးကို စာတိုက်ပုံးထဲက ထွက်လို့ရအောင်

www.burmeseclassic.com


သော့ဖွင့်ပြီးပေးလိုက်တယ်။ ကလေး အပြင်ရောက်လာတော့

“တာဝန်အရပြောမယ်ကွာ မင်း နောက်တစ်ခါ စာတိုက်ပုံးထဲဝင်မယ် ဆိုရင်တံဆိပ်ခေါင်းတစ်ခုအရင် ဝယ်ကပ်ဖို့မမေ့နဲ့ကွာ။

### အသွားအပြန်

☺ ကျွန်မရှင်နဲ့မနေချင်တော့ဘူး။ ကျွန်မမိဘအိမ်သွားမယ်။

☺ သွားလေ ရော့ ကားခ။ (မိန်းမက ငွေကိုရေကြည့်ပြီး)

☺ အပြန်ကားခ မပါသေးဘူး။



www.burmeseclassic.com


## ပြောမိမှာတော့

မုဆိုး ။ ။ ဟောဒီတောထဲမှာ ငါ ကျားပစ်နေကျပဲ။

ဒေသခံ ။ ။ ဟာမဟုတ်တာ ဒီတော ထဲမှာ ကျားမရှိပါဘူး။

မုဆိုး ။ ။ ငါပစ်လို့ ကုန်သွားတာ ကွ။



## နှီးပို့ရာသိုရင်

☺ ဘာလို့မျက်ကပ်မှန် တပ်ချင် တာလဲ

☺ ကိုယ့်မှာ ချစ်သူရှိနေပြီလေ။ ကြားလေသွေးရင်တောင်ဆေးတယ် ထင်တဲ့ဟာ။

စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


စိတ်ချ

☺ ငါခုပြောမယ့်စကားကိုတော့
ရင်ထဲမှာ သိမ်းထားပေးရမယ်
နော်။ လျှောက်မပြောရဘူး။
ငါ့ကို တစ်သောင်းလောက်ချေး
စမ်းပါ။

☺ စိတ်ချသူငယ်ချင်း။ ငါဘယ်သူ့
ကိုမှလျှောက်မပြောဘူး။
မင်းဒီစကားကို မပြောဖူးဘူးလို့
သာသဘောထားလိုက်တော့။




www.burmeseclassic.com


## ဟိုတစ်ခု

☺ အရုပ်ကဘယ်လောက်လဲ။

☺ ဒီတစ်ခုတည်းဆို တစ်ဆယ် နှစ်ခုဆို ဆယ့်ငါးကျပ်။

☺ ဒါဖြင့် ဒီတစ်ခုမယူဘူး။ ဟိုတစ်ခုပဲယူမယ်။ ရော့ ငါးကျပ်။



## ခက်တာက

☺ ငါ့ခွေးပျောက်သွားလို့။

☺ သတင်းစာထဲမှာ ကြော်ငြာပါ့လား။

☺ ငါ့ခွေးမှစာမဖတ်တတ်ဘဲ။

www.burmeseclassic.com


## ချစ်တဲ့အရွယ်

**သွားဆရာဝန်** ။ ။ လာ သားသား ဒီမှာထိုင်။ ပြီးတော့ဆရာကအရုပ်လက်ဆောင်ပေးမယ်နော်။

**ကလေးအမေ** ။ ။ ဆရာ က ကလေးတွေကို ချစ်တတ်တယ်နော်။

**သွားဆရာဝန်** ။ ။ မွေးကာစ ကလေးတော့ မချစ်ပါဘူး။



www.burmeseclassic.com



## မစိုးရိမ်ပါနဲ့

☺ မေမေ သားစန္ဒယားတီးချင်လို့။

☺ လက်တွေသွားဆေးဦးလေ။
ခလုပ်တွေ ပေကုန်လိမ့်မယ်။

☺ အနက်တွေပေါ်မှာပဲတီးမှာပါ
မေမေ။



## ပြောမယ့်ပြောတော့

ဧည့်သည် ။ ။ သမီးက စကားသိပ်နည်းတာပဲ။

ကလေး ။ ။ မေမေက ဒီနေ့ လာတဲ့ဧည့်သည် ရှေ့မှာ သူ့နှာခေါင်း ကြီး နီနေတဲ့ အကြောင်း မပြော ရင် မုန့်ဖိုး နှစ်ဆယ် ပေးမယ် ဆိုလို့။


စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## ဘင်တော်ကျွား

☺ ခင်ဗျားဘာလို့ ချမ်းသာလာတယ်ဆိုတာပြောပြလို့ရမလား

☺ ကျွန်တော်ရဲ့နည်းလမ်းကို လျှို့ဝှက်တတ်လို့ပါ။



## နောက်မှပဲလာတော့မယ်

အလုပ်လာလျှောက်တဲ့လူငယ်ကိုသူဌေးက

☺ ပထမတော့ လစာလေးထောင်ပေးမယ်။ ခြောက်လဆိုရင် ခြောက်ထောင် ပေးမယ်။ ဘယ်လိုသဘောရသလဲ။


☺ ဟုတ်ကဲ့ ကျွန်တော် နောက်ခြောက်လနေမှ အလုပ်ဝင်ပါ့မယ်။

www.burmeseclassic.com


## အတု

အဘိုး ။ ။ အတုအယောင်တွေဟာအရုပ်ဆိုးအကျည်းတန်စေတယ် – ငါ့မြေးရဲ့။

မြေး ။ ။ ဒါဖြင့် ဘိုးဘိုးရဲ့သွားအတုတွေဖြုတ်ထားပါလား။



## စာလုံးကျသွယ်

☺ စာတစ်စောင်ရေးစမ်း။ မေမေပြောမယ် ...
"သို့ ... လေးစားရပါသော"

☺ ပြီးပြီ။

☺ ဟဲ့ မင်းလက်ရေးက ကြီးလှပါလား။

☺ မေ့မေ့အသံက ကျယ်လို့ပါ။

www.burmeseclassic.com


## လိုသေးတယ်

☺ မင်းမောင်လေးတစ်ယောက်ရပြီ ဆိုသူ့နာမည် ဘယ်သူတုန်း။

☺ မသိဘူးရှင့်။ သူက ခုထိ ပြောမပြနိုင်သေးဘူး။



## စိုးရိမ်လို့

☺ အသုဘခေါင်းလုပ်ငန်း ကို ဘာလို့လုပ်တာလဲ။

☺ အဖေက သူမသေခင် လွှဲပေး လို့ပါ။

☺ ရှင်ကမလုပ်ချင်ဘူး ပြောပါ လား။

☺ ပြောလိုက်ရင် ပထမဆုံးအလုပ် လက်လွှတ်သွားမှာပေါ့။

www.burmeseclassic.com


## သားကပဲသင်ပေးရတယ်

☺ သားကို ဆရာမက ဒီနေ့ ဘာသင်ပေးသလဲ။

☺ ဘာမှသင်မပေးဘူးမေမေ။တစ်နဲ့နှစ်ပေါင်းရင်ဘယ်လောက်ရသလဲမေးလို့ သုံးရတယ်ဆိုပြီး သားကပဲ သင်ပေးခဲ့ရတယ်။




## လျှောက်လဲချက်

အဖေ ။ ။ မင်း သမိုင်း မဖြေနိုင်ဘူးဆို။


အမေ ။ ။ အို အဲဒါ သားအပြစ်မဟုတ်ပါဘူး။ သူတို့မေးတာက သားမမွေးခင်က အကြောင်းတွေပဲ။

www.burmeseclassic.com


သားသိတာက

ဆရာက အတန်းထဲမှာ စာမရေးစာမဖတ်နဲ့ ပျင်းတဲ့ကလေးကို မိဘကပါ ကူဆုံးမပေးဖို့ မိဘကိုအသိပေးတယ်။ ဒါကြောင့်အဖေက သားကို ....

☺ သားတို့အတန်းထဲမှာ ဘယ်သူအပျင်းဆုံးလဲ။
☺ မသိဘူးဖေဖေ။
☺ ကဲဒါဖြင့်မေးမယ်။ကျောင်းသားတွေအားလုံး စာရေးစာဖတ်ဂဏန်းတွက်နေတဲ့အချိန်မှာ ဘာမှမလုပ်ဘဲ ဘယ်သူ ထိုင်နေသလဲ။
☺ ဆရာပါ။



www.burmeseclassic.com


ပထမသင်ခန်းစာ



စီးပွားရေးလုပ်မယ့်သားကို အဖေက သင်ပေးတယ်။

☺ ကဲ ပထမဆုံးသင်ခန်းစာအဖြစ် အဲဒီ ပေနှစ်ဆယ်မြင့်တဲ့နေရာက ခုန်ချစမ်း။

☺ နာမှာပေါ့အဖေ။

☺ မင်းမနာအောင် အောက်မှာ စီစဉ်ထားပါတယ်။

ခုန်ချလိုက်တော့ သားဟာ ခြေထောက်နာပြီး လုံးဝမထနိုင်ဘူး။ ဒီတော့အဖေကအနားရောက်လာပြီး

☺ ဒါ ပထမသင်ခန်းစာပဲကွ– မှတ်ထား စီးပွားရေးလုပ်မယ် ဆိုရင် မင်း ဘယ်သူ့မှ မယုံနဲ့။


www.burmeseclassic.com


ငါသိတယ်

☺ မေမေ တစ်ယောက်ယောက်က သာပန်းအိုးကို ချခွဲလိုက်ရင် ဘာလုပ်မှာ လဲဟင် .....

☺ ညစာလည်း မကျွေးဘူး။ ည လည်းအိမ်ထဲမအိပ်ရဘူး ဆိုပြီးအိမ်ပြင်ထုတ် ဒဏ်ခတ် လိုက်မှာပေါ့။ သားက ဘာလို့ မေးတာလဲ။


☺ ဖေဖေပန်းအိုးကိုချခွဲပြီး "မင်း အမေ့အကြောင်း ငါသိတယ်" ဆိုထွက်သွားလို့။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## ဆရာကောင်းတပည့်



☺ မင်းမနေ့က ဘာလို့ ရုံးလစ်ရတာလဲ။

☺ ခွင့်တိုင်ပြီးသွားဖို့ပါပဲဆရာ။ ဆရာ့မတွေ့လို့။

## လိုအပ်တဲ့လက်ဆောင်

☺ မေ့မေ့မွေးနေ့မှာ သားက ဘာပေးမယ်ထင်သလဲ။

☺ ပြောပါဦး။

☺ ရေနွေးခရား။

☺ မေ့မေ့မှာ ရေနွေးခရား ရှိပါတယ်ကွယ် ။

☺ မေ့မေ့ရေနွေးခရားက ခုလေးတင် သားကြောင့်ကွဲသွားပြီမေမေ။

www.burmeseclassic.com


## ပြချင်တဲ့နေရာ

☺ မင်းရဲ့ အဆင့်အမြင့်ဆုံး ပညာရေး မှတ်တမ်းကို ကြည့်ချင်တယ်။

☺ ကျွန်တော့်မှတ်တမ်းကို တံခါးဝမှာ မပြချင်ဘူးဖေဖေ။ ဖေဖေ အဆင့်မြင့်ဆုံး ရုံးခန်း ထဲမှာ ထိုင်တော့မှ ပြပါရစေ။




## နားထောင်မြှသိမှာပေါ့

☺ သမီး ဘာတွေဖတ်နေတာလဲ။

☺ မသိဘူးဖေဖေ။

☺ ကိုယ်ဖတ်တာ ကိုယ်မသိဘူးလား။

☺ သမီးဖတ်တာကို သမီးမှ နားထောင်မနေဘဲ။



www.burmeseclassic.com


## ခိုင်းရက်ပါလေ

☺ သား ဘာလို့ ငိုနေတာလဲ။
☺ ဆရာက သားမလုပ်နိုင်တာ တွေခိုင်းလို့ပါ။
☺ ဘာတွေလဲသား။
☺ အိမ်စာတွေပါ မေမေ။

## မခိုးပါဘူး

☺ ဒီကဗျာ ဟိုစာအုပ်ထဲ ခိုးထားတာ မဟုတ်လား။
☺ အဲဒီ စာအုပ်ထဲသွားကြည့်ပါ ကွာ။ ဒီကဗျာရှိနေတုန်းပါ



www.burmeseclassic.com



# မကြီးပါဘူး

☺ မေမေ သားကိုသူငယ်ချင်းတွေက ခေါင်းအကြီးကြီးလို့ ပြောကြတယ်။

☺ ငါ့သားခေါင်းကမကြီးပါဘူး။ လှပါတယ်။ ကဲ သွား မေ့မေ့ကို ဆန်သုံးပြည်လောက် ဝယ်ပေးစမ်း။

☺ ထည့်ဖို့ ဘာယူသွားရမလဲဟင်။ လက်ဆွဲခြင်းကမမယူသွားတယ်။

☺ သား ဦးထုပ်ထဲထည့်ခဲ့လေ။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com




## သိချင်လို့

☺ မင်အိုးက စျေးသိပ်ကြီးသလား ဖေဖေ။

☺ ဘာလို့မေးတာလဲ။

☺ သားကြောင့် ကော်ဇောပေါ် မှောက်သွားတာနဲ့ မေမေက တအားစိတ်ဆိုးနေလို့ပါ။



## ဘာချိန်ကိုက်

☺ အသိပေးပါရစေ ခင်ဗျာ။ အစ်မကြီးရဲ့ အမျိုးသား ဆိုင်နောက်ပေါက်က ထွက် သွားပါပြီ။

☺ ကျွန်မ အမျိုးသားက ခုမှ ဆိုင်ရှေ့ပေါက်က ဝင်လာ တာပါ။

www.burmeseclassic.com


ရှေ့နှင့်နောက်

☺ သားအင်္ကျီဘယ်မှာလဲ။
☺ မသိဘူးဖေဖေ။
(ဖခင်က အိမ်နောက်သို့ လှမ်းပြီး ...)
☺ ဟေ့ သားအင်္ကျီတွေဘယ်မှာ ထားသလဲ။
☺ တော့်အင်္ကျီတွေရဲ့နောက်မှာ။
☺ ငါ့အင်္ကျီတွေကဘယ်မှာလဲ။
☺ တော့်သားအင်္ကျီတွေရဲ့ ရှေ့မှာလေ။




www.burmeseclassic.com


### သဘောချင်းတိုက်ဆိုင်လိုက်တာ

ပန်းသီးအကြီးတစ်လုံး၊ အသေး တစ်လုံးကို ညီအစ်မနှစ်ယောက် တစ်ယောက်တစ်လုံးစီ စားကြဆိုပြီး ပေးလိုက်တော့အစ်မကြီးက ကြီးတာ ယူပြီး ညီမကို ငယ်တာပေးတယ်။ ဒီတော့ညီမက

☺ ငါ့ကိုသာ ဝေပေးဖို့ခိုင်းရင် ငါက ငယ်တာယူပြီးကြီးတာကို နင့်ပေးမှာ။

☺ အေးလေ–ခု ငါဝေတာလည်း နင်ဝေချင်သလိုပဲ မဟုတ်လား။



www.burmeseclassic.com


## ဆယ်နှစ်လောက်ငယ်ချင်လို့

☺ ဒီမဂ္ဂဇင်းထဲမှာ လက်ရှိအသက်ထက် ငါးနှစ်ငယ်အောင် လုပ်နိုင်တဲ့နည်း ပါတယ်တဲ့။

☺ ဒါဖြင့် နှစ်အုပ်ပေးပါ။



## ကောင်းတာလည်းရှိပါတယ်

အဖေဖြစ်သူက သားရဲ့ပညာရေးမှတ်တမ်းကို ဖတ်ကြည့်နေတယ်။

☺ သင်္ချာ – ညံ့။ မြန်မာစာက လိုသေးတယ်။ အင်္ဂလိပ်စာကျတော့ မလိုက်နိုင်ဘူး။ အထွေထွေအားမရ .... တဲ့ မင်းကောင်းတာဘာရှိလဲ။

☺ ဆက်ဖတ်ကြည့်ပါ ဖေဖေ။

☺ ကျန်းမာရေး – ကောင်း။

www.burmeseclassic.com


## လူဆိုတာ

☺ လူဆိုတာ အသိဉာဏ် ရှိမှ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျားမှာ အသိဉာဏ်မရှိဘူး။

☺ ဟုတ်ပါတယ်ဆရာ။ ဒါကြောင့် ကျွန်တော်ဆရာ့ကို ငှားထားတာပါ။



## သင့်တာပဲပေးပါ

☺ ဖေဖေ ကျွန်တော့်ကို ငွေ တစ်ထောင်လောက်။

☺ များလှချည်လား။ မင်းတို့ အရွယ်က မုန့်ဖိုးကို နှစ်ရာ ထက် ပိုမတောင်းသင့်ဘူး။

☺ ဒါဖြင့် နှစ်ရာပဲပေးပါ ဖေဖေ။

www.burmeseclassic.com


၃၇

☺ သား ဆုရခဲ့တယ် မေမေ။
☺ ဘာအတွက်လဲ။
☺ ဆရာမေးတာ ဖြေနိုင်လို့။
☺ ဘာမေးတာလဲ။
☺ ကြက်ဆင်မှာ ခြေဘယ်နှစ်ချောင်းလဲတဲ့။
☺ သားကဘယ်လိုဖြေလိုက်သလဲ။
☺ သုံးချောင်း။
☺ နှစ်ချောင်းသားရဲ့။
☺ တခြား ကျောင်းသားတွေက လေးချောင်းလို့ဖြေတာမေမေ။ ဆရာ က မင်း အဖြေမှန်နဲ့ အနီးစပ်ဆုံးဆိုပြီး ဆုပေးတာ။



www.burmeseclassic.com


## ပလုံ

ဒေါ်ထိပ်ထားခင်က စည်းကမ်းသိပ်ကြီးတယ်။ ညစာစားဖို့ စားပွဲထိုင်ပြီးကြပြီ ဆိုတာနဲ့ ဘာစကားမှ မပြောရဘူး။ တစ်ရက်မှာ ညစာစားဖို့စားပွဲထိုင်နေကြတုန်း ရေးကြီးသုတ်ပြာနဲ့ သားကြီးရောက်လာတယ်။ ပြီးတော့ .....

☺ အမေ

☺ စကားမပြောနဲ့ ဟိုဘက်မှာထိုင်ပါ။


☺ ဟို .... ကျွန်တော်

☺ ပြောစရာရှိရင် စားပြီးမှ ပြောပါ။

ဒီလိုနဲ့ ထမင်းစားပြီးကြတော့

☺ ကဲ ပြော ဘာလဲ။

☺ ညီမလေး ရေထဲကျသွားလို့။



## ဘဖေ့လက်ရာ

☺ ဆရာ သေသေချာချာရှင်းလိုက်တာ မင်းနားမလည်ဘူးလား။ ဘာလို့ အမှားတွေ တွက်လာရတာလဲ။

☺ ဆရာ့စကားကို ဖေဖေမှ မကြားတာ။



## မီးပျက်တဲ့ည

☺ ငါ ဒီကြောင်အိမ် ထဲမှာ မုန့် နှစ်ခုထားတာ။ တစ်ခုပဲရှိတော့တယ်။ မောင်မောင် ပြောစမ်း ဘာလို့ တစ်ခုပဲရှိရတာလဲ။

☺ ညက မီးပျက်နေတော့ အဲဒီ တစ်ခုကို မမြင်လိုက်ရလို့ပါ။

www.burmeseclassic.com


## ပဟေဠိ

ယောက်ျားလုပ်သူက ပန်းဆိုင်မှာဝင်ပြီး

☺ မွေးနေ့လက်ဆောင် ပန်းစီး၊ ကျွန်တော့်မိန်းမဆီ ပို့ချင်လို့ ဒီလိပ်စာအတိုင်း ပို့ပေးပါ။

☺ လူကြီးမင်းရဲ့နာမည်

☺ မလိုပါဘူး သူသိပါတယ်။ (သို့ဖြင့် ပန်းစီးပို့ပြီးနောက်)

☺ ဟဲလို ပန်းအရောင်းဆိုင်ကလား

☺ ဟုတ်ပါတယ်။

☺ ရှင်တို့ဆိုင်ကပို့တဲ့ ပန်းစီးမှာ ပို့သူရဲ့ နာမည်မပါလာဘူး။

☺ ပန်းစီးပို့တဲ့ လူကြီးမင်းက ဘယ်သူပို့တယ်ဆိုတာအစ်မကြီး သိမှာပါတဲ့။ (ခဏမျှငြိမ်သွားပြီး)

☺ ရပ်ရှည်လား–ပုပုလား။



www.burmeseclassic.com


## သူလုပ်ခဲ့တာ

☺ ဘာလို့ အလုပ်နောက်ကျတာလဲ။

☺ ကျွန်တော့် ယောက္ခမကြီး ရေချိုးခန်းထဲမှာ ချော်လဲပြီး သတိလစ်နေလို့။

☺ ဒါနဲ့ဘာလုပ်ခဲ့သလဲ။

☺ ပထမတော့ ဘာလုပ်ရမှန်း မသိဘူး။ နောက်မှအကြံရလို့ လမ်းထိပ်က ရေတွင်းသွားပြီး ချိုးခဲ့ပါတယ်။



www.burmeseclassic.com


## မတော်တဆ

☺ ကျွန်တော် ဒီကိုလာရင်း ကျွန်တော့်ကားနဲ့ နွားနို့ပုလင်း တက်နင်းခဲ့မိတယ်ဆရာ။

☺ ဒါလေးများမတော်တဆပဲကွာ။

☺ နွားနို့ပုလင်းကို အဘွားကြီးက ပွေ့ထားတာဆရာ။



## မမေ့သင့်ပါဘူး

☺ အဆင်မပြေဘူးကွာ–အဲဒါ မင်းကို သတိရလို့။

☺ သူငယ်ချင်း အရင်းခေါက် ခေါက်တွေပဲကွ။ အဆင်ပြေ နေတုန်းကလည်း သတိရသင့် တာပေါ့။

www.burmeseclassic.com


## သတိရ ရမယ့်အချိန်

☺ ကျွန်တော်ဘာလုပ်လုပ် အဆင်မပြေဘူးဆရာ။ကုန်စုံဆိုင်တော့ ပိတ်လိုက်ရပြီ။ ခု လက်ဖက်ရည်ဆိုင်ဖွင့်ချင်လို့ ငွေနည်းနည်းလိုနေလို့။

☺ စိတ်မရှိနဲ့ကွာ–ငါကအောင်မြင်နေတဲ့လုပ်ငန်းတွေမှာပဲရှယ်ယာဝင်တတ်တယ်။မင်း အောင်မြင်ရင်သာ ငါ့မမေ့နဲ့ကွာ။



www.burmeseclassic.com


## မှားပြီးရင်မှား

မနက်စောစော သူဌေး လမ်းလျှောက်တဲ့ဆီမှာ သူတပည့် လည်းပါတာပေါ့။ လမ်းလျှောက်လို့ အတော်လေးရောက်တော့ တစ်ခုခု မှားနေသလို ခံစားလာရတယ်။ ဒါနဲ့ သူ့ခြေထောက်သူငုံ့ကြည့်မိတယ်။ ဒီတော့မှ သူစီးလာတဲ့ခြေနင်းက နံပါတ်ရှစ်တစ်ဖက် နံပါတ်ကိုး တစ်ဖက်ဖြစ်နေတာတွေ့ရတယ်။ ဒီတော့ သူဌေးက သူ့တပည့်ကို

☺ ရော့ ဖိနပ်သွားလဲချည်စမ်း။

☺ ဟုတ်ကဲ့

တပည့်ဖြစ်သူက ပြန်သွား တယ်။ အတော်လေးကြာတော့ ပြန်လာပြီး

☺ ဆရာ အိမ်မှာရှိတဲ့ဖိနပ်က လည်းတစ်ဖက်ကြီး တစ်ဖက် သေးပဲ။



www.burmeseclassic.com




## ကြော့မင်းကိုး

အမှုတစ်ခုဆုံးဖြတ်ကာနီးမှာ တရားသူကြီးက

☺ "ငါမင်းကိုမြင်ဖူးသလိုလိုပဲ"

☺ "ပြီးခဲ့တဲ့နွေတုန်းက ဆရာ့သားကို တယောထိုးလာသင်ပေးဖူးတယ်လေ"

☺ "ဟုတ်ပြီ။မှတ်မိပြီ။ ကဲ အမိန့်ချမယ် နားထောင်"

တရားခံသည် ပြစ်မှု ကျူးလွန်ကြောင်းထင်ရှား၍ အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်သည်။ ဤပြစ်မှုမျိုးတွင်ထောင်ဒဏ် အနည်းဆုံး (၂)နှစ်မှ အများဆုံး(၁၀)နှစ် ထိကျခံစေရန်ဆုံးဖြတ်ထုံး ရှိထားသည်။ ထို့ကြောင့် ယခုတရားခံအား ထောင်ဒဏ်(၁၀)နှစ် ချမှတ်လိုက်သည်။

www.burmeseclassic.com


## ပိုရှုံးမှာစိုးလို့


စတိုးဆိုင်ထဲမှာ ဈေးဝယ်နေတဲ့ လယ်သမားကြီးကို

☺ စက်ဘီး တစ်စီးလောက် ဝယ်ပါ့လား

☺ စက်ဘီးဝယ်မယ့်အစား နွားပဲ ဝယ်မှာပေါ့ကွာ။

☺ ခင်ဗျား နွားစီးပြီး မြို့လာ ဈေးဝယ်ရင် အရူးလို့ အပြော ခံရမှာပေါ့

☺ မင့်စက်ဘီး ဝယ်သွားပြီးတောမှ နို့ညစ်နေရင် ပိုပြီးတောင် ရူးတယ်လို့ အပြောခံရမှာ ပေါ့ကွာ။



www.burmeseclassic.com


# လှူမိတ်

လေယာဉ်ပေါ်မှာ ပါလာတဲ့ ကုန်သည်ကြီးက –

"အို ဘုရားသခင် ကျွန်တော်မျိုး သွားလိုတဲ့ခရီး ချောချော မောမော ရောက်ရင် ကျွန်တော်မျိုးမှာ ရှိတဲ့ စည်းစိမ် တစ်ဝက်တိတိကို ဘုရား သခင်ရဲ့လမ်းမှာ အသုံးပြုဖို့ ပေးလှူ ပါ့မယ်လို့ ဆုတောင်းတယ်။ ဒီလိုနဲ့ သွားလိုတဲ့ခရီးရောက်ပြီး လေယာဉ် ပေါ်ကဆင်းတော့ သူ့ဘေးမှာ အတူ ပါလာခဲ့တဲ့ခရီးသည်က

"ကဲ မိတ်ဆွေရဲ့ ကတိအတိုင်း ဟို ဘုရားကျောင်းမှာ စည်းစိမ် တစ်ဝက်ကို လှူပေတော့ လေယာဉ် ပေါ်မှာ မိတ်ဆွေ ဆုတောင်းတာကို ကျုပ်ကြားလိုက်တယ်"

လို့ပြောတယ်။ ဒီတော့ ကုန်သည်ကြီးက



www.burmeseclassic.com


“ဆောရီးဗျာ – နောက်တစ်ခါ ခရီးထွက်လို့ အဆင်ပြေတော့မှပဲ ကျန်တဲ့တစ်ဝက်ပါပေါင်းပြီး အကုန် လှူလိုက်ပါတော့မယ်”

BURMESE CLASSIC .com

### ဒါလောက်ကလေးများ

ကား အမြန်မောင်းလာသူကို ယာဉ်ထိန်းရဲကတားပြီး



☺ ကိုယ့်အပြစ်ကိုယ်သိရဲ့လား

☺ ကျွန်တော်မောင်းတာ မြန်နေလို့လား။

☺ မိုးပေါ်မပျံရုံတစ်မယ်ပဲဗျ။ ဘယ်သွားမှာမို့လို့ အမြန်မောင်းလာရတာလဲ။


☺ အလုပ်ပါ။

☺ ဘာလုပ်သလဲ။

☺ လေယာဉ်ပျံမောင်းပါတယ်။

www.burmeseclassic.com


## ကျွန်တော်နောက်မကျပါဘူး



☺ မင်းဘာလို့ အလုပ်နောက်ကျရတာလဲ

☺ ဒီနေ့ ဆရာလာတာ စောလို့ပါခင်ဗျာ။

## လွယ်မယ်များမှတ်နေသလား



အိမ်ခန်းထဲမှာ ပိုက်ဆံလိုက်ရှာနေတဲ့သူခိုးကို တစ်ရေးနိုးသတိရလာတဲ့ အိမ်ရှင်အမျိုးသားက

"ငါလူ ငါမိန်းမ မရှိတုန်း နေ့မှာ မြင်မြင်ထင်ထင်ရှာတာတောင် မတွေ့ပါဘူးကွာ"

www.burmeseclassic.com


## ထူးခြားမှု

☺ "ညက မောင်သီချင်းဆိုတာ သတိထားမိရဲ့လား"

☺ "သတိထားမိတာပေါ့။ အခန်းထဲကလူတွေက ထပြန်ကြတော့.."


## သူ့ရှာရတာမှမဟုတ်ဘဲ

ဟိုတယ်ရဲ့ ဧည့်ကြိုစားပွဲရှေ့မှာ သူဌေးကြီးကဝင်ရပ်လိုက်ပြီး

☺ ဈေးအပေါဆုံးအခန်းပေးကွာ

☺ ကောင်းတဲ့အခန်းယူပါလား သူဌေးမင်းရယ်၊ သူဌေးမင်းရဲ့သားဆိုရင်သူလာတိုင်းကောင်းပေ့ဆိုတဲ့အခန်းမှာတည်းတာ

☺ သူက သူဌေးသားကွ ဖြုန်းနိုင်တယ်။ငါကသူ့လို သူဌေးသားမှမဟုတ်ဘဲ။



www.burmeseclassic.com


## အသိုးအကောင်း

ဆရာဝန်နဲ့ဆရာမများဟာ လူနာရဲ့ဘေးမှာရပ်လိုက်ပြီး

"ကျွန်တော်တို့ ခင်ဗျားကို သတင်းဆိုးတစ်ခုနဲ့ သတင်းကောင်း တစ်ခုပြောချင်ပါတယ်။ သတင်းဆိုး ကတော့ခတ်မှန်မှားသွားလို့ ခင်ဗျား ရဲ့ညာဘက်ခြေထောက်ကိုဖြတ်လိုက် မိတာပါ။ သတင်းကောင်း ကတော့ ခင်ဗျားရဲ့ ဘယ်ဘက်ခြေထောက် ရိုက်တဲ့ခတ်မှန်ရပါပြီ။ အားလုံး ကောင်းပါတယ်။ လုံးဝဖြတ်ဖို့ မလိုပါဘူးခင်ဗျား။



www.burmeseclassic.com


မိတ်သစ်ရဲ့အကြောင်းရင်း

☺ ဟောဒီမိန်းမ တစ်နေကုန် သီချင်းဆိုနေတာဗျာ စိတ်ကို ညစ်နေတာပဲ။

☺ အသံမကောင်းလို့လား။ အဲဒါ ကျွန်တော့်မိန်းမဗျ။

☺ "အို – အသံကတော့ကောင်းပါ တယ်။ သီချင်းစာသားတွေက..

☺ "သီချင်းစာသားတွေက ကျွန်တော်ရေးတာလေ"

☺ "အဲ – သီချင်းစာသားတွေက လည်းကောင်းပါတယ်။ နားထောင်ချိန်မရတာကို စိတ် ညစ်နေတာဗျ"



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## အားလုံးမိတ်ဆွေအသာဖို့

☺ “ဦးလေးတွေ့သမျှလူ လက်ပြ နှုတ်ဆက်နေတာသိလို့လား”

☺ “အကုန်လုံးတော့ ဘယ်သိမှာလဲကွာ။ ကိုယ်သိတဲ့လူပါတော့လည်း တာဝန်ကျေသွားတာပေါ့”


☺ “မသိတဲ့လူလက်ပြမိတော့ရော”

☺ “ငါ့လက်ပြတာဘယ်သူပါလိမ့်ဆို စဉ်းစားနေရင်း ခရီးသွားတော့ရောက်မှန်းမသိ ရောက်သွားတာပေါ့ကွာ”



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com

## အိုးတာက

☺ ငါအလုပ်လုပ်ရတာ မပျော်ပါဘူးဟယ်။
☺ သူ့ဌေးက တော်တော်ဆိုးလို့လား
☺ သူ့ဌေးမိန်းမက သဝန်တိုတတ်လွန်းလို့ပါ။

## မသိလို့

☺ "ကျွန်တော့်မွေးနေ့" ကို စာစီစာကုံးရေးပါ။
☺ ခဏကြာပြီးနောက် ဆရာက မရေးဘဲထိုင်နေသူကို "မင်းဘာလို့ မရေးတာလဲ"
☺ "အဲဒီတုန်းက ကျွန်တော်ဘာမှ မသိလို့ဆရာ"

www.burmeseclassic.com




### ဓေတနာ

အရောင်းစျေးသည်က ကုမ္ပဏီ ကို ဖုန်းဆက်တယ်။

"ကျွန်တော် တောင်ပေါ်မြို့လေး က ဖုန်းဆက်နေတာပါ။ မိုးရော လေရော များနေလို့ လေယာဉ် မဆင်းနိုင်ဘူး။ ကားတွေလည်း လမ်းမှာ တောင်ပြိုတာတွေ ရှိနေလို့ မထွက်ကြဘူး။ မိုးလေဝသ ဌာန ကလည်း မုတ်သုန်လေအား ကောင်း နေလို့ ရက်နှစ်ပတ်လောက် မိုးရော လေရော များနေဦးမယ်လို့ပြောတယ် ဆရာ။ ကျွန်တော်ပြန်လာလို့ မရ သေးတာ အကြောင်းကြားတာပါ"

"ကောင်းပြီလေ–စိတ်အေးအေး နဲ့ အဲဒီမှာပဲနေပါ။ ဒီနေ့ကစပြီး မင်းကိုလုပ်သက်ခွင့် နှစ်ပတ်ပေးထား တယ်လို့သတ်မှတ်ပေးမယ်"

www.burmeseclassic.com



## သူ့ထက်သူ

**အတွင်းရေးမှူး** ။ ။ ကျွန်မစားပွဲပေါ် က ပန်းစီးက ဘယ်သူ တင်ထားတာလဲ

**မန်နေဂျာ** ။ ။ ကျွန်တော်တင် ထားတာပါ။

**အတွင်းရေးမှူး** ။ ။ ရှင့်ကို ဘယ်သူ တင် ခိုင်းတာလဲ။

**မန်နေဂျာ** ။ ။ ဆရာကတော်ပါ

**အတွင်းရေးမှူး** ။ ။ ရှင့်ဆရာ သိသွားမှာ မကြောက်ဖူးလား။



www.burmeseclassic.com



## ဒီနေ့ပို့မယ်နေရာ

လူတစ်ယောက်က ခြင်္သေ့တစ်ကောင်နဲ့အတူမြို့ထဲမှာလမ်းလျှောက်လာတာကို ရဲသားကမြင်တော့

☺ ဟေး – ခင်ဗျားအဲဒီခြင်္သေ့ကို တိရစ္ဆာန်ရုံသွားပို့သင့်တယ်

☺ ဟုတ်ကဲ့

နောက်ရက်မှာလည်း အဲဒီလူကို ခြင်္သေ့နဲ့အတူမြို့လယ်မှာတွေ့ပြန်ရော။ ဒီတော့ ရဲသားက

☺ ဟေးလူ ခင်ဗျားကို ကျုပ်မနေ့က ပြောတယ်လေ။ အဲဒီခြင်္သေ့ကို တိရစ္ဆာန်ရုံသွားပို့ဖို့

☺ "ဟုတ်ကဲ့ ပို့ခဲ့ပါတယ်။ ဒီနေ့တော့ ရုပ်ရှင်ရုံ လိုက်ပို့မယ် စိတ်ကူးမိလို့"



www.burmeseclassic.com


## စိုးရိမ်လို့

လေယာဉ်ပေါ်တက်ဖို့ခရီးသည်တွေတန်းစီနေတုန်း မိခင်က သူ့သားသုံးနှစ်အရွယ်ကို…

"လေယာဉ်ပေါ်ရောက်ရင်ငြိမ်ငြိမ်နေနော်။ အပြင်ထွက်မဆော့နဲ့"



## သုံးလုံးမရှိလို့


☺ သူတို့နှစ်ယောက်ကုလားထိုင်တွေနဲ့ ရိုက်တာကို မင်းကဒီအတိုင်းကြည့်နေရသလား

☺ ကုလားထိုင်ကနှစ်လုံးတည်းမို့ပါ

www.burmeseclassic.com


## စမ်းချင်တယ်ဆိုရင်

☺ မင်းအလုပ်ကဆားပေါက်ရှိရဲ့လား
☺ ဟင့်အင်း
☺ အဲဒါတော့ သဘာဝမကျဘူး
☺ မကျဘူးထင်ရင် မင်းပိုက်ပေါက်နဲ့ငါးဖမ်းကြည့်ပါလား



## ကလေးရဲ့သံသယ

ဆရာဝန်ကကလေးတွေရဲ့ဉာဏ်ရည်နှင့်မှတ်ဉာဏ်ကိုသိချင်တဲ့အတွက် ကလေးလူနာတစ်ယောက်ရဲ့နားကိုကိုင်ပြီး “ဒါသားသားရဲ့နှာခေါင်းလား”

ကလေးကသူ့အမေဘက်လှည့်ပြီး


“မေမေ သားတို့ နောက်ဆရာဝန်တစ်ယောက်ဆီသွားပြမှာကောင်းမယ်ထင်တယ်”

www.burmeseclassic.com


## လူကြီးမင်းပဲသုံးဖြတ်ပါ

☺ ခင်ဗျား ငါးမိနစ်လောက် ရေးရတာပဲဗျာ။ ပြော ဘယ်လောက်ပေးရမလဲဆိုတာ။

☺ ဟုတ်ကဲ့ ငါးမိနစ်နဲ့ပြီးအောင် ရေးတတ်ဖို့ သင်ခဲ့တာရော၊ လေ့ကျင့်ခဲ့တာရော၊ အတွေ့အကြုံရှာရင်း ရင်းနှီးရတဲ့ အချိန်ဟာ နှစ်သုံးဆယ် ရှိပါတယ်။ လူကြီးမင်း ဘယ်လောက်ပေးသင့်တယ် ထင်ပါသလဲ။



www.burmeseclassic.com


## သိနေပြီ

☺ ကြက်တစ်ပိဿာ ဘယ်လောက်လဲ။

☺ ကန်စွန်းရွက်က တစ်စီး ဆယ့်ငါးကျပ်

☺ ကြက်မေးတာတော့

☺ အဲသလိုပဲ ကြက်မေးပြီး ကန်စွန်းရွက် ဝယ်ဝယ်သွားကြလွှ်းလို့။



www.burmeseclassic.com


## ဆင်ခိုသည့်မှာ

ကုန်သည်ကြီးတစ်ဦးက ဆင်ရောင်းဖို့မြို့ကိုရောက်လာပါတယ်။ ဆင်ကြီးကို ရောင်းမယ်ဆိုတာသိတော့လူတစ်ယောက်က အချိန်ယူပြီးပတ်ချာလှည့်ကြည့်ပါတယ်။ ခေါင်းပိုင်းကိုရောက်လာတော့သေသေချာချာကြည့်ပြီးစိတ်ပျက်လက်ပျက်နဲ့ခေါင်းယမ်းပြီးထိုင်ချလိုက်တယ်



တစ်ခြား ဆင်ဝယ်ချင်တဲ့လူတွေကလည်း ကြည့်နေကြတော့ ကုန်သည်ကြီးက ထိုင်နေတဲ့လူနားလာပြီး

"ခင်ဗျား မကျေနပ်စရာများတွေ့ထားလို့လား"

"အင်း ခေါင်းပိုင်းမှာ"

"အဲဒါကိုမပြောလိုက်ပါနဲ့ဦး အရောင်းအဝယ်တည့်ရင် ခင်ဗျားကိုငါးရာနှုန်းပေးပါ့မယ်"

www.burmeseclassic.com


အဲသလိုပြောတော့ မကျေမနပ်နဲ့ဆင်ကိုကြည့်နေတဲ့လူက ခေါင်းငြိမ့်ပြလိုက်တယ်။ ဒီလိုနဲ့ ခဏအကြာမှာတော့အရောင်းအဝယ်တည့်သွားရော။ ကုန်သည်က ငြိမ်ထိုင်နေတဲ့လူဆီသွားပြီး ပိုက်ဆံပေးရင်း



"မိတ်ဆွေက ကျုပ်ဆင်ရဲ့ မျက်စိတစ်ဖက် မကောင်းတာဘယ်လိုလုပ်သိသလဲ

"မသိပါဘူး"

"ဒါဖြင့် ဆင်ခေါင်းကိုကြည့် ပြီး ဘာလို့ခေါင်းယမ်းနေရတာလဲ"

ထိုင်နေတဲ့လူက ကုန်သည်ပေးတဲ့ ပိုက်ဆံကိုအိပ်ထဲယူထည့်ပြီး

"ဆင်ကိုတစ်ခါမှ မမြင်ဘူးလို့ကြည့်တာပါဗျာ။ ပါးစပ်ကိုရှာမတွေ့လို့စိတ်ပျက်နေတာ"

www.burmeseclassic.com


ဖြစ်ပါ့မလား

**တလေး** ။ ။ ပင်လယ်ထဲမှာ ကျွန်တော်ရေကူး လို့ရပ့ါမလား။


**ဆိပ်ကမ်းလုံခြုံရေး** ။ ။ ကူးပါ။ ရပါတယ်။

**တလေး** ။ ။ (စဉ်းစားပြီး) မဖြစ်နိုင်ဘူးထင်တယ်။ ရမှာမဟုတ်ပါဘူး။ ကျွန်တော်က ယယ်ယယ်လေးထဲ ကရေချိုးခန်းထဲမှာပဲချိုးဖူးတာ။



www.burmeseclassic.com


## အပြန်အလှန်



☺ ကျွန်တော့်ဘဝဟာ ဒီအလုပ်ကထွက်မှတိုးတက်မယ်ထင်တယ်ဆရာ

☺ ဖြစ်နိုင်တယ်။ဒီအလုပ်ကလည်းမင်းထွက်မှ တိုးတက်မယ်လို့ငါထင်နေတယ်

## အားပေးတယ်လား



☺ မင်းရတဲ့ခရစ်စမတ်လက်ဆောင်ထဲမှာဘယ်ဟာကိုအကြိုက်ဆုံးလဲ

☺ ဆက်ဆိုဖုန်း (လေမှုတ်တူရိယာ) ပဲ။

☺ မင်းကမှုတ်တတ်လို့လား။

☺ မမှုတ်တတ်ပါဘူး။ အဲဒါကြီးငါ့လက်ရောက်ကတည်းကအမေက မုန့်ဖိုးပိုပေးတယ်။ မမှုတ်ဖို့အတွက်တဲ့။


www.burmeseclassic.com


## သွား



☺ မွေးစကလေးတွေမှာဘာလို့
သွားပါမလာတာလဲဆရာ။
☺ မိခင်နို့ရည်ဟာ ဝါးဖို့မှမလိုဘဲ။
☺ ဒါဖြင့် အသက်ကြီးတဲ့အခါ
သွားတွေကျိုးတာကရော။
☺ ဘီယာက ဝါးဖို့မလိုဘူးလေ။

## မွေးနေ့



☺ ပြီးခဲ့တဲ့နှစ်က မင်းရဲ့မွေးနေ့က
ဘယ်လောက်လဲ။
☺ ကိုးနှစ်ပြည့်လေ။
☺ ဒါဖြင့်လာမယ့်မွေးနေ့က
☺ ဆယ့်တစ်နှစ်ပေါ့။
☺ ဟင် ဆယ်နှစ်က ဘယ်ရောက်
သွားလို့လဲ။
☺ ဒီနေ့လေ။

www.burmeseclassic.com


## လူပေါင်းမှားလို့

လူကြီးတစ်ယောက်ဟာလမ်းလျှောက်လာရင်း အိမ်တစ်အိမ်က လူခေါ်ခေါင်းလောင်းကို မမှီတမီနဲ့ လှမ်းနှိပ်နေတဲ့ ကလေးတစ်ယောက်ကို တွေ့လို့

☺ "ငါ့တူဦးလေးနှိပ်ပေးမယ်"
လူကြီးကနှိပ်ပေးလိုက်တယ်။
အဲဒီ တော့ကလေးက

☺ "နှိပ်ပြီးရင် ပြေးကြစို့ဦးလေး"
ဆိုပြီး ထွက်ပြေးပါလေရော



www.burmeseclassic.com



## ယူခဲ့တဲ့နေရာ

ဧည့်သည်ကိုရေနွေးကြမ်းနဲ့ဒိန်ခဲနဲ့ ဧည့်ခံထားတာ။ ဧည့်သည်က စားကောင်းကောင်းနဲ့ စားလိုက်တာ ပန်းကန်ထဲမှာကုန်လုနီးပါး ဖြစ်သွားတယ်။ အိမ်ရှင်ကတော့ စကားတွေပဲ ဖောင်လောက်အောင် ဆက်ပြောနေတယ်။ အိမ်ရှင်ရဲ့ကလေးက အခန်းထဲပြေးဝင်သွားပြီး နောက်ထပ်ဒိန်ခဲတွေယူလာပြီးဧည့်သည်ရှေ့ကပန်းကန်ထဲ ထည့်ပေးလိုက်တယ်။ ဒီတော့ ဧည့်သည်က..

"လိမ္မာလှချည်လားကွ - ဟေ - ပြောစမ်းပါဦးသားက ဒိန်ခဲတွေ ဘယ်ကသွားယူလာတာလဲ"

"ကြွက်ထောင်ချောက်ထဲကပါဦး"




www.burmeseclassic.com

## ကြက်နက်ကစွမ်း

☺ ကြက်အနက်တွေက ကြက်အဖြူတွေထက်သာတယ်ကွ။

☺ ဘာလို့လဲ။

☺ ကြက်အဖြူတွေက ဥအနက် မဥနိုင်ဘူး။



## ယော်ဒသာကမ္ဘာကြီးအောင်

☺ ဟာ မင်းခေါင်းပတ်တီးတွေနဲ့

☺ ကားတိုက်ခံရလို့ကွ

☺ ဘယ်လောက်ကြာပြီလဲ

☺ တစ်လလောက်ရှိပါပြီ

☺ မပျောက်သေးဘူးလား

☺ ဆရာဝန်ကတော့ ပတ်တီးဖြေလို့ရပြီပြောတာပဲ။ ရှေ့နေက ရုံးချိန်းပြီးမှ ဖြေပါဆိုလို့။

www.burmeseclassic.com



## ရည်ရွယ်ချက်ကိုယ်စီ



☺ စာမေးပွဲအောင်ရင်မင်းကို ကားဝယ်ပေးမယ်ကွာ။ အဲဒါ အဖေ့ရည်ရွယ်ချက်ပဲ။တကယ်လို့ ကျရင် မင်းဘာလုပ်မလဲ။

☺ ဖေဖေ့ရည်ရွယ်ချက် မပျက်ရအောင် သားကားမောင်းသင်ပေါ့ မယ်ဖေဖေ။

## သင်ချင်တဲ့အပိုင်း



☺ ပြင်သစ်စာသင်ရတာခက်သလား ဖေဖေ။

☺ ပထမပိုင်းသာခက်တာပါ။ နောက်ပိုင်းကျတော့ လွယ်သွားတာပဲ။

☺ ဒါဆို နောက်ပိုင်းတစ်ဝက်ပဲ သင်ချင်တယ်ဖေဖေ။

**စိုးရိမ်လို့**

မင်းယောက္ခမကြီးကိုပြုတင်းပေါက်ကနေလွှင့်ပစ်ကိုင်ပေါက်တယ်ဆိုဟုတ်ကဲ့

အောက်က တစ်ယောက်ယောက်ဝင်မှန်ရင် ဘယ်လိုလုပ်မလဲ



**သားလိမ္မာ**

☺ မင်းကိုငါ မနေ့ကပေးတဲ့ ငွေနှစ်ဆယ်ဘာလုပ်လိုက်သလဲ။

☺ အဘွားကြီးတစ်ယောက်ကို ပေးလိုက်တယ် ဖေဖေ။

☺ လိမ္မာလိုက်တာ ငါ့သားလေးက ပြောစမ်းပါဦး။ ဘယ်နားမှာ တွေ့တဲ့အဘွားကိုပေးတာလဲ

☺ ကျောင်းရှေ့မုန့်ထိုင်ရောင်းနေတဲ့အဘွားကိုပါ။

**စိန်စိန်ဦး စာအုပ်တိုက်**

www.burmeseclassic.com


## ဝယ်သွားတာမြဲမှန်တယ်



☺ အစောက ကျွန်မသားကို ဈေးဝယ်ခိုင်းလိုက်တာ။ ဘယ်လောက်အမ်းလိုက်သလဲ။


☺ ကလေးပြောတာ အမှန်ဖြစ်ပါလိမ့်မယ်။

## ဒီလလည်းရဦးမှာပဲ

ဆေးရုံတက်နေတဲ့ သူငယ်ချင်းကိုလာမေးရင်း

☺ ပြီးခဲ့တဲ့လက လုပ်ငန်းခွင်အသန်ရှင်းဆုံးဆုကိုမင်းရတယ်ဆို အမှားတစ်ခုမှမလုပ်မိဘူးပေါ့။


☺ အေးကွ။ ဒီလလည်းရဦးမှာပဲ။ ဆရာဝန်က ဆေးရုံကဆင်းခွင့်မပေးသေးဘူး။



www.burmeseclassic.com


## သူလည်းသိဖို့လိုတယ်

ညော့်သည်ဟာ သူ့သူငယ်ချင်း အိမ်ထဲဝင်မယ်အလုပ် ခွေးက ဆူဆူညံညံဟောင်လိုက်တယ်။ ညော့်သည်ဟာလန့်သွားပြီး ရှေ့လည်း မတိုးရဲ နောက်လည်း မဆုတ်ရဲ ဖြစ်သွားတယ်။ အဲဒီအချိန် ခွေးဟောင်သံကြောင့် ထွက်လာတဲ့အိမ်ရှင်က ခွေးရှေ့မှာတောင့်တောင့်ကြီး ရပ်ပြီး ချွေးတွေပျံနေတဲ့ သူ့ သူငယ်ချင်းကို



"ဟာ သူငယ်ချင်း လာ ရဲရဲဝင်စမ်းပါကွာ။ ဒီခွေးက မကိုက်တတ်ပါဘူး။ ဟောင်လွန်းတဲ့ခွေးများ မကိုက်တတ်လို့ ဟောင်လွန်းတဲ့ခွေး လူမလေးလို့ ဆိုထားတာကွ။ (Barking dogs don't bite) တဲ့။ မင်းကြားဖူးမှာပါ"

"ငါကတော့ အဲဒီစကားတွေ ကြားဖူးတာပေါ့ကွာ။ မင်းရဲ့ခွေးက မကြားဖူးရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com



## ဘယ်မှာလဲရသားခြား

မောင်နှင့်မဟာ သွားအတူ လာအတူစားအတူနေခဲ့ကြတာနှစ်ပေါင်း နှစ်ဆယ်လောက်ရှိပါပြီ။ အလုပ်လုပ်ကြရတဲ့ရုံးကလည်းအတူတူ၊ဒါကြောင့် တစ်ရက်မှာ မ,က

☺ ကျွန်မတို့လက်ထပ်ဖို့သင့်ပြီ ထင်တယ်

☺ တို့ကဘယ်သူတွေနဲ့ လက်ထပ်ကြမှာလဲ။



## သိရတဲ့အကြောင်းရင်း

☺ ငါချစ်နေတဲ့ မိန်းကလေးက အငယ်ကွ။ သူတို့က အမွှာဆို တော့ ရုပ်ချင်းကတော့ တစ်ပုံစံ တည်းပဲ

☺ မင်းဘယ်လို ခွဲခြားသလဲ

☺ ဟာကွာ သူ့အစ်ကိုတော့ ငါသိတာပေါ့။

www.burmeseclassic.com


## မူးတဲ့အချိန်

☺ မူးပြီးပြန်လာတဲ့ယောက်ျားကို
☺ ရှင် မူးလာတာလား။
☺ မင်းကို မတွေ့ခင်ကအထိပါ။

## သိပြီလား

☺ ကိုကိုမောင်ဆိုတဲ့အမည်နဲ့ စာများလာသလားလို့။
☺ စာကတော့လာပါတယ်။ ရှင်က ကိုကိုမောင်လား၊ ရှင့်ကို ကျွန်မက သိတာမဟုတ်ဘူး။
☺ ရော့ဒါဖြင့် ဒီဓာတ်ပုံကိုကြည့် (စာရေးမက ယူကြည့် လိုက်တယ်)
☺ အဲဒီဓာတ်ပုံထဲက လူကို သိသလား
☺ ရှင့်ပုံလေ
☺ ကဲ ဒါဆို စာပေးတော့



www.burmeseclassic.com


**တာဝန်ကျေသူ**

အခန်းအပ်ပြီး ပြန်တော့မယ့် ညွှေ့သည်က တံခါးဝရောက်မှ –

**ညွှေ့သည်** ။ ။ ငါ့အခန်းသွားကြည့်ပေးစမ်းပါဦး။ အခန်းနံပါတ် ၅၀၅။ စားပွဲပေါ်မှာ ပန်းစက္ကူနဲ့ထုပ်ထားတဲ့ ပါဆယ်တစ်ထုပ်များ ရှိသလားလို့

**ဟိုတယ်လုင်** ။ ။ ဟုတ်ကဲ့

(ငါးမိနစ်ခန့်ကြာသော်)

**ညွှေ့သည်** ။ ။ တွေ့ခဲ့သလား

**ဟိုတယ်လုင်** ။ ။ တွေ့ခဲ့ပါတယ်ခင်ဗျာ။ ယူပေးရမလား။




www.burmeseclassic.com


## သောက်ဖူးလို့လား

☺ ဟ မင်းတို့ဆိုင်က ဟင်းချိုရည်ကလည်း လက်ဆေးရေအတိုင်းပဲ။

☺ ခင်ဗျား ဘယ်လိုလုပ်သိသလဲ။



## ကိစ္စမရှိဘူး

**ဈေးဝယ်** ။ ။ စာအုပ်တစ်အုပ်လောက်လိုချင်လို့။

**ဈေးသည်** ။ ။ ပေါ့ပေါ့ ပါးပါး ထဲက ယူမလား။

**ဈေးဝယ်** ။ ။ ပေါ့တာ လေးတာက ပြဿနာမဟုတ်ပါဘူး။ ကျွန်တော့်မှာ စက်ဘီး ပါ, ပါတယ်။


www.burmeseclassic.com


## ကျုပ်မြစ်ရှုးပါဘူး

ဦးလှကအိမ်ဟင်း အိမ်ထမင်းတွေကိုစားရတာ ငြီးငွေ့လာလို့ ထမင်းဆိုင်ကိုသွားပြီး ဆိုင်ရှင်ကို

"မင်းမှာ ဦးနှောက်ရှိသလား"

"ဦးနှောက်မရှိရင် အလကားခုလို အလုပ်လုပ်နေပါ့မလားဗျ"



## ကြိုက်သလောက်ယူပေတော့

☺ မင်းတို့ဆိုင်မှာ အလကားရတာဘာရှိသလဲကွ။

☺ ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားပါခင်ဗျာ။

www.burmeseclassic.com


## မသိလို့မေးပါရစေ

☺ ခင်ဗျားဒီစာတန်းကိုဖတ်လို့ရသလား။

☺ မရဘူးဆရာ။

☺ အပေါ်တန်းရော။

☺ ဟင့်အင်း။

☺ ကဲ ဒါဖြင့် ဒီစာလုံးနှစ်လုံးရော သိသလား။


☺ မသိဘူးဆရာ။

☺ အပေါ်ဆုံးကစာလုံးကြီးဗျာ။ ဒါတော့ ဖတ်နိုင်ရမှာပေါ့။

☺ မဖတ်နိုင်ဘူးခင်ဗျာ။ ဒါနဲ့ ဆရာ့ကို မေးပါရစေ။

☺ ဘာလဲ။

☺ ဆရာက ကျောင်းဆရာလား၊ ဆရာဝန်လား။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com



## လိုနေတာက

နယ်လှည့်အရောင်းစျေးသည်က အိမ်သုံးပစ္စည်းတွေကိုပြပြီး–

"အစ်မကြီးရဲ့အိမ် အတွက် ဘာများ အလိုရှိပါသလဲ"

အိမ်ရှင်ကစဉ်းစားပြီးဖြေလိုက်တယ်

"ငွေ"



## များတာတွေနည်းသွားအောင်

☺ ခင်ဗျားဆိုင်က ပစ္စည်းဘိုးထက် ထုပ်ပိုးခကပိုများနေတယ်။

☺ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်။ နက်ဖြန်ကစပြီး ပစ္စည်းဖိုးဟာ ထုပ်ပိုးခထက် ပိုရပါစေ့မယ်ခင်ဗျာ။

www.burmeseclassic.com


## ဆုံးဖြတ်လို့ရပြီ

စုကြေးမဲပေါက်လို့ ရုပ်မြင်သံကြားဝယ်မယ့်လူဟာ စက်တွေကို စမ်းပြစရာခိုင်းတယ်

ရုပ်မြင်သံကြားထဲမှာချောင်းသာ အပန်းဖြေစခန်းက ပေါ်လာတယ်။ သောင်ပြင်ပေါ်ကို ရေလှိုင်းတွေပြေးတက်လာတာ။ ရွှေရောင်လက်နေတဲ့ ဆည်းဆာချိန်အလှ

☺ ပိတ်လိုက်တော့ ကျွန်တော် ဆုံးဖြတ်လို့ရပြီ။

☺ ဒီစက်ပဲ ယူမလား။

☺ မဟုတ်ဘူး ချောင်းသာပဲ သွားတော့မယ်။




www.burmeseclassic.com


မိတ်ကျွ

**လေယာဉ်စီး** ။ ။ ကပ္ပတိန်ရှင့် ရှင့်ရဲ့
ကျွမ်းကျင်မှုဟာ
ကျွန်မကိုမြေပြင်ပေါ်
ပြန်ရောက်အောင်
သယ်ဆောင်သွား
နိုင်လိမ့်မယ်လို့
ယုံကြည်ပါတယ်။

**ကပ္ပတိန်** ။ ။ ကျွန်တော့်သက်
တမ်း နှစ်သုံးဆယ်
ကျော်မှာ ဘယ်ခရီး
သည်ကိုမှအာကာသ
ထဲ မထားခဲ့ဖူး
ပါဘူး။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## တွက်ကြည့်ပါဦး



တစ်နှစ်မှာ ၃၆၅ရက်၊ ဒီနှစ်က ၃၆၆ ရက်နှစ်။ အလုပ်လုပ်တာက တစ်နေ့ရှစ်နာရီ။ တစ်ရက်ရဲ့ သုံးပုံ တစ်ပုံ။ ဒီတော့တစ်နှစ်မှာအလုပ်လုပ် တဲ့ရက်ပေါင်းက ၁၂၂ရက်။ စနေ တနင်္ဂနွေနားတာဆိုတော့ တစ်လမှာ နားရက်က ၈ ရက်။ တစ်နှစ် မှာ ၉၆ရက်။အလုပ်ချိန်ဆိုတော့၃၂ရက်။ ၁၂၂ ရက်ထဲက ၃၂ ရက်နှုတ်၊ ရက် ၉၀ ပဲရှိရော။ ရုံးပိတ်ရက် ၁၂ရက်က အလုပ်ချိန် ၄ရက်ဆိုတော့ ၈၆ရက်။ အရေးပေါ်ခွင့် ယူခဲ့တာက ၁၈ရက်။ အလုပ်ချိန်နဲ့ဆို ၆ရက်။ အဲဒါနှုတ်ရင် အလုပ်လုပ်တာ က ရက် ၈၀ ပဲရှိတယ်။ စဉ်းစားပါဦး ငါ့တူရယ် – တစ်နှစ်မှာ ရက်ရှစ်ဆယ် လောက် အလုပ်လုပ်တာနဲ့ ကြီးပွားနိုင်ပါ့ မလားကွာ။

စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


မောင်ပြန်ချိန်

☺ အချက်ပေးခေါင်းလောင်းကို
ဒီတံခါး မှာတပ်ချင်တယ်။
☺ ဒီအခန်းက .....
☺ ကျွန်မအမျိုးသားရဲ့အခန်းပါ။



လပေါင်းများစွာ

☺ ငါ့ရုပ်မြင်သံကြားပြင်တာ
ဘယ်တော့ရမလဲ
☺ ဓာတ်လမ်းတွဲမပြီးခင်တော့
ရမှာပါ
☺ အဘက နောက်ရှစ်လနေရင်
ခရီးထွက်စရာတော့ရှိတယ်နော်

www.burmeseclassic.com




## သေချာပါတယ်

**ကမ္ဘာလှည့်** ။ ။ ဒီကမ်းခြေမှာ
မိကျောင်းရှိသလား။

**လမ်းပြ** ။ ။ မရှိပါဘူးခင်ဗျာ
ညှော်သည်က ရေထဲ
ကို ဆင်းသွား ပြီး
ရေချိုးနေရင်းက

**ကမ္ဘာလှည့်** ။ ။ သေချာရဲ့လားကွ
ရေချိုးတဲ့သူ တစ်
ယောက်မှ မမြင်ဘူး

**လမ်းပြ** ။ ။ သေချာပါတယ်
ခင်ဗျာ။မိကျောင်းတွေ
က ငမန်းတွေ ရှိတဲ့
နေရာ မလာပါဘူး။

www.burmeseclassic.com


ဖြစ်ဖြစ်ဖြစ်ရလေ

☺ ခင်ဗျားက အညောင်းမိပြီးဖြစ်တာပဲ။ ကျန်းမာရေး အတွက် လမ်းလျှောက်ရမယ်။အလုပ်ကို အကြောင်းမပြပါနဲ့။ တကယ်လို့ လမ်းလျှောက်ချိန် မရှိဘူးဆိုရင်အလုပ်ကထွက်ပါ။အချိန်ပို ရမယ့်အလုပ်တစ်ခုခု ပြောင်းလုပ်ပါ။ဒါနဲ့ ခု ဘာလုပ်သလဲ။

☺ မနက် သတင်းစာပို့ရတယ်။ နေ့လည် စာဝေရတယ်။ ညပိုင်းတော့လက်ဖွဲ့ဈေးသည် ပေါ့ခင်ဗျာ။




www.burmeseclassic.com


## တာဝန်ရှိလို့ပါ



☺ လင်မယားနှစ်ယောက် ဘဏ်ကိုလာပြီးယောကျ်ားက
☺ "ကျွန်တော့် ငွေစာရင်းမှာ လက်ကျန်ငွေကို သိချင်လို့ပါ"
☺ ဒီမေးခွန်း မဖြေခင်မှာ ခြိမ်းခြောက်ခံရမှု ရှိမရှိ သိပါရစေ ခင်ဗျာ။

## ညွှန်ကြားချက်



☺ ကိုယ်တွေသိပ်အေးနေရင် ဘာလုပ်ရမလဲဆရာ။
☺ ရေနွေးအိတ် ကပ်ပေးပါ။
☺ ကိုယ်တွေသိပ်ပူနေရင်ကော။
☺ ရေခဲအုပ်ပေးပေါ့။
☺ ဒါဖြင့် နားပူရင်တော့ ဘာလုပ်ရမလဲဆရာ။
☺ ခင်ဗျားမိန်းမနဲ့ ဝေးဝေးနေပါ။

www.burmeseclassic.com





## ခိုင်းချင်တာခိုရင်

☺ အမျိုးသမီးငယ်တစ်ဦးက စာတိုက်မှာ တံဆိပ်ခေါင်း ဝယ်ပြီးတော့

☺ ကျွန်မကိုယ်တိုင်ကပ်ရမှာ လား။

☺ ကိုယ့်အမျိုးသားကို ကိုယ် ခိုင်းချင်လည်း ရပါတယ် ခင်ဗျာ။



## ခံနေလို့ဖြစ်ပါ့မလား

☺ ပြဇာတ်ရုံအဝင်ဝမှာ အမျိုး သမီးကြီးတစ်ဦးက အပေါက် စောင့်ကိုရိုက်လိုက်လို့

☺ "ဘာဖြစ်လို့ ရိုက်ရတာလဲ"

☺ "မိုက်ရိုင်းလို့ပါ။ကျွန်မဝယ်လာ တဲ့လက်မှတ်ကိုယူပြီး ဆွဲဆုတ် ပစ်တယ်လေ။

www.burmeseclassic.com


## စဉ်းစားစရာ

☺ ကျွန်မခြံကလူခေါ်ခေါင်းလောင်း ပျက်နေလို့ လာပြင်ပေးနိုင် မလား

☺ ဟုတ်ကဲ့ "ကျွန်တော်လာရင် အစ်မကြီးကို ဘယ်လို ခေါ်ရ မလဲ"

## ပုလင်းတူဖူးဆို့



**ဆရာဝန်** ။ ။ ခင်ဗျား အရက်ဖြတ် ပါဆို မဖြတ်ဘူး။

**လူနာ** ။ ။ ဖြတ်ထားပါတယ် ဆရာ။

**ဆရာဝန်** ။ ။ မလိမ်ပါနဲ့ဗျာ။ ခင်ဗျားလာသောက် တိုင်းကျုပ်အတွင်းခန်း ကနေ ကြည့် ကြည့် နေတာ။

www.burmeseclassic.com



## သဘောထားပြောင်းကြည့်ပါ



☺ ကတုံးတုံးရင်ဘယ်လောက်လဲ။
☺ ငါးဆယ်ပါ။
☺ မုတ်ဆိတ်ရိတ်ရင်ကော။
☺ သုံးဆယ်ပါ။
☺ ကျွန်တော့်ခေါင်းကိုမေးစေ့လို
သဘောထားနိုင်မလားခင်ဗျာ။

## ဖြစ်နိုင်မယ်ဆိုရင်



☺ ဘူတာသွားချင်လို့ ကားခ
ဘယ်လောက်ပေးရမလဲ။
☺ သုံးရာခင်ဗျာ။
☺ အိတ်အတွက်က
☺ မယူပါဘူး
☺ ဒါဖြင့် အိတ်ကိုပဲ ဘူတာပို့ပေး
ပါကွာ ငါလမ်းလျှောက် လိုက်
ခဲ့မယ်။

www.burmeseclassic.com
ဇူရ ဏ်ချွန်

## ဗိုက်ပြဿနာ

ဆရာဝန် ။ ။ ခင်ဗျား သိပ်ဝနေတယ်။ ဂေါက်ဖ်ရိုက်ပါ။


လူနာ ။ ။ အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူးဆရာ။ စမ်းကြည့်ပြီးပြီ ဘောလုံးကိုမြင်ရရင် ရိုက်လို့မရဘူး။ ရိုက်လို့ရမယ့်နေရာရွှေ့ရင်ဘောလုံးကိုမမြင်ရဘူးဆရာ။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## ဘဝတူ



လူနာ ။ ။ဒါကျွန်တော် ပထမဆုံးခွဲစိတ် ခံရတာ ဆရာ။

ဆရာ ။ ။ကျွန်တော် ခင်ဗျားနဲ့ ထပ်တူခံစားရပါတယ်။ ကျွန်တော့်အတွက်လည်း ဒါ ပထမဆုံး ခွဲစိတ်ရခြင်းပါပဲ ခင်ဗျာ။

## ဆရာ့စကား

☺ ကျွန်တော့် နှလုံးရောဂါ အတော်ဆိုးသလားဆရာ။

☺ မစိုးရိမ်ရပါဘူး။ ကုသ စရိတ် ဘောက်ချာတွေကိုသာ မဖတ်မိပါစေနဲ့။


www.burmeseclassic.com


## ဗိုက်ထဲမှာပဲရှိရမယ်



သူနာပြု ။ ။ဆရာ၊ ဆရာ ခွဲစိတ်
ပေးလိုက်တဲ့လူနာရဲ့
နှလုံးခုံသံကတစ်မျိုး
ဖြစ်နေတယ်။
ဆရာဝန် ။ ။ခွဲစိတ်ခန်း ပြန်သွင်း
လိုက်ပါ။ ကျွန်တော့်
နာရီပျောက်နေလို့။

## အနာနှင့်ဆေး



လူနာ ။ ။ကျွန်မရင်ဘတ်ထဲ
က အောင့်တယ်
ဆရာ။
သွားဆရာဝန် ။ ။ကျွန်တော်က သွား
ဆရာဝန်ပါ။
လူနာ ။ ။အရင်သွားဆရာဝန်
တုန်းကလည်းကျွန်မ
ပြနေကျပါ။

www.burmeseclassic.com


## ပြေးမလွတ်



**သွားလူနာ** ။ ။ လူတွေမှာ သွားမပါ ရင်သိပ်ကောင်းမှာပဲ။
**သွားဆရာဝန်** ။ ။အဲဒီအခါကျရင် သွားဖုံး ဆရာဝန် လုပ်မှာပေါ့။

## နောက်တစ်နေရာ

သွားနှုတ်ခံမယ့် လူနာရဲ့ရှေ့မှာ ဆရာဝန်က လာရပ်လိုက်တော့ လူနာက သံကုန်အော်လိုက်တယ်။

"အား .. နာလိုက်တာ ဆရာ .. အိုး .."

"ကျုပ်ခင်ဗျားရဲ့သွားကို ထိတောင်မထိရသေးဘူး။"

"အား ကျွန်တော့်ခြေထောက်ပေါ် ဆရာတက်နင်းထားလို့"

စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## ကြွင်းနောတတ်သူ



ဦးလောဘဟာ သူ့ကိုယ်ကျိုးကိုပဲကြည့်တတ်သူဖြစ်ပါတယ်။ သူ့လက်အောက်မှာ အလုပ်လုပ်နေရတဲ့သူတွေကို တန်အောင်ခိုင်းလေ့ရှိတယ်။ လုံးဝမနားရအောင် ခိုင်းတတ်တယ်။ အလုပ်ဆင်းလို့ အိမ်ပြန်ရင်ကိုပဲ ..

" ဒီစာရင်းတွေက အရေးကြီးလို့ကွာ အခွန်ရုံးကို မနက်ပို့ရမှာမို့ မင်းအိမ်က လုပ်ခဲ့စမ်းပါ" ဆိုပြီး ခိုင်းတတ်တယ်။ တစ်ရက်မှာတော့ အရောင်းစာရေးကြီးရဲ့အသံကို ဦးလောဘ အခန်းထဲက ကျယ်ကျယ်လောင်လောင် ကြားလိုက်ရတယ်။ ဦးလောဘကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောတဲ့စကားပေါ့။



"ကျေးဇူးတင်ပါတယ်ဆရာ။ ဆရာရဲ့ကြင်နာ သနားတတ်မှုကို

www.burmeseclassic.com


ကျွန်တော်မမေ့ပါဘူးဆရာ။ အမြဲသတိရနေမှာပါ။ ကျေးဇူးပါပဲ။

ဆိုတဲ့စကားပေါ့။ အဲဒီစကားကြောင့်ဝန်ထမ်းတွေအကုန် အံ့အားသင့်နေကြတယ်။အရောင်းစာရေးကြီးလည်းထွက်လာရော ဝန်ထမ်းတွေက

"ဘယ်လိုတုန်း စာရေးကြီးသူဌေးက ခင်ဗျားကို ဘာပေးလိုက်လို့လဲ"

"ခွင့်ယူတာမပေးလို့ပါ"

"ဗျာ ဒါနဲ့ ကျေးဇူးတင်ရသလား"

"တင်ရတာပေါ့ဗျာ။ မိန်းမကဈေးဝယ်ထွက်ဖို့ ခွင့်ယူခိုင်းတာ "

ဟူသတတ်။ ။



www.burmeseclassic.com


# မျိုးနဲ့ရိုးနဲ့


တစ်ခါက မိန်းမကြောက်ရာမှာ နာမည်ကြီးတဲ့ ဦးသာဝ ဆိုတာ ရှိတယ်။ ဦးသာဝတို့ ညီအစ်ကို တူဝရီး သားအဖတွေအားလုံး မိန်းမ ကြောက်ကြတယ်။ တစ်ရက်မှာ ဦးသာဝရဲ့တူ တက်တူက ဦးသာဝ ဆီလာပြီး

"ဦးလေး"

"ပြော – ဘာကိစ္စ"

"ကျွန်တော့်မိန်းမက ငွေတစ် သောင်းလောက် ရအောင်ချေးခဲ့ ဆိုလို့"အဲဒါဦးလေးဖြစ်အောင်လုပ်ပေး ပါဦး။ငွေတစ်သောင်းမှမပါရင်တော့ ကျွန်တော် အိမ်ပြန်ရဲမှာ မဟုတ်ဘူး"

"အင်း ခက်တာပဲ။ ငါကလည်း မင်းကို ငွေတစ်သောင်းချေးမိရင် အိမ်ပြန်ရဲမှာ မဟုတ်ဘူး ငါ့တူရယ်။ တို့အမျိုးအရင်းကြီးပါ။ မင်းလည်း သိသားနဲ့။"



www.burmeseclassic.com


## သံသယ

ကုမ္ပဏီကြီးတစ်ခုက မန်နေဂျာကြီးဟာ အသံကကျယ်ရတဲ့အထဲ ဝန်ထမ်းတွေကို အမြဲအော်ဟစ်ပြောဆိုလေ့ ရှိတယ်။ ကုမ္ပဏီရဲ့ သူဌေးလာတဲ့အခါမျိုးရှိတဲ့အခါမျိုးမှာ ပိုပြီးကျယ်ကျယ်လောင်လောင်နဲ့ပြောဆိုလေ့ရှိတယ်။ လုပ်ငန်းခွင်မှာ သူဂရုတစိုက်နဲ့ အုပ်ချုပ်နေတာ သူဌေးသိစေချင်လို့ပေါ့။



တစ်ရက်မှာ သူဌေးရောက်လာတော့ မန်နေဂျာကြီးက သူ့ရုံးခန်းထဲကနေ အသံကျယ်ကျယ်နဲ့ ဖုန်းပြောနေတယ်။ အသံက ကျယ်လွန်းတော့ သူဌေးက ဝန်ထမ်းတစ်ယောက်ကို မေးလိုက်တယ်။

"ဟော့ မန်နေဂျာကြီး ဘယ်သူ့ကို စကားပြောနေတာလဲ"

"ရန်ကုန်ရုံးခွဲကို ပြောနေတာပါ။ မန္တလေးက ပို့လိုက်တဲ့ပစ္စည်းတွေ

www.burmeseclassic.com


ရောက် မရောက်”


“သူ့ရုံးခန်းထဲမှာ တယ်လီဖုန်း ရှိတယ်မဟုတ်လား”

“ဟုတ်ကဲ့ရှိပါတယ်”

“မန္တလေး ရန်ကုန်ဆိုတာ အဝေးကြီးကွ။ ဖုန်းကိုသုံးပါလို့ ပြောလိုက်ကွာ”


“ခု ဖုန်းနဲ့ပြောနေတာပါခင်ဗျာ”

“ဩော် ငါက ဒီအတိုင်းများ အော်ပြောနေသလားလို့”



www.burmeseclassic.com


## မှားပါတယ်



ဆရာဝန် ။ ။စိတ်ပျော်အောင်
နေပါ။ စိတ်ညစ်မခံ
ပါနဲ့။ဒါနဲ့ခင်ဗျားက
ဘာလုပ်သလဲ။
လူနာ ။ ။လူရွှင်တော်ပါ။

## စိတ်နဲ့ကိုယ်




တင်းနစ်ကွင်းထဲ ရောက်တာနဲ့ တစ်ဖက်က သုံးချက်သာရိုက်လိုက် ငါမှန်းလို့ရပြီ။ သူ့ရိုက်ချက်ဘယ်လို။ သူ့အားသာချက် သူ့အားနည်းချက် ငါမှန်းတဲ့အတိုင်းကွက်တိပဲ။ ဘယ်လို တုန့်ပြန်ရမယ်ဆိုတာ တွက်လို့ရတယ်။

☺ ဒါနဲ့များ ဘာလို့ရှုံးရတာလဲ။
☺ စိတ်ကသိပေမယ့် ကိုယ်က မလိုက်နိုင်ဘူးလေ။

www.burmeseclassic.com


လဲရမှာက

☺ "မန်နေဂျာကြီးခင်ဗျား"
☺ "လာပါ – ထိုင်ပါ"
☺ "ကျွန်တော်က အုပ်ချုပ်ရေးမှူးပါ။ ယာဉ်ဌာနကပါ"
☺ ဟုတ်ကဲ့ သိပါတယ်။ ပြောပါ။ ဘာများတင်ပြစရာရှိလို့လဲ။
☺ ကျွန်တော်တို့ဌာနကထရပ်ကားအကြီးကဆီတစ်ဂါလံကိုသုံးလေးမိုင်ပဲရပါတယ်။ဆီသိပ်စားနေတယ်။
☺ အရင်က ဘယ်လောက်ရသလဲ
☺ မိုင်နှစ်ဆယ်ဝန်းကျင်တော့ရပါတယ်။
☺ အဲဒီကားဘယ်သူမောင်းတာလဲ။
☺ မန်နေဂျာကြီးရဲ့တူပါ။သူကတော့ပန့်လဲရမယ်ပြောတာပဲ။ အဲဒါ
☺ မန်နေဂျာကြီးကလက်ကာတားလိုက်ပြီး –
ကျုပ်သိပြီကားက ဘာမှမဖြစ်ပါဘူး။လူလဲလိုက်ပါ။ဒါဆို ဆီစားသက်သာသွားပါလိမ့်မယ်။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## အနမ်းသတင်း

☺ စာရေးမလေးက အလုပ်ရှင် သူဌေးရဲ့အခန်းထဲဝင်လာပြီး။

☺ ဆရာ ဆရာကတော် ဖုန်းဆက်တယ်။

☺ ဟုတ်လား ဘာတဲ့လဲ။

☺ ဆရာ့ကို စောစောပြန်ခဲ့ဖို့ မှာပါတယ်။ ခုလည်း ကြိုတင် အနမ်းပို့လိုက်တဲ့ အကြောင်း ပြောပေးပါတဲ့။

☺ ကျေးဇူးပဲ။ ခုလိုနားထောင် လက်ခံပေးထားတာ။ နောက်မှပဲ သူပို့လိုက်တဲ့အနမ်းတော့ မင်းဆီကယူတော့မယ်။



www.burmeseclassic.com


## လမ်းလျှောက်မြန်သူ

☺ ဟဲလို လင်းကုမ္ပဏီကလား။
☺ ဟုတ်ပါတယ် ခင်ဗျာ။
☺ သူဌေးနဲ့တွေ့ချင်လို့ပါ။
☺ ခုပြောနေတာ ဘယ်သူပါလဲ။
☺ မင်းက ဘယ်သူတုန်း။
☺ ကျွန်တော် သူဌေးရဲ့အနီးကပ် အဖော်ပါ။
☺ အေး ငါက သူဌေးရဲ့ ဇနီးပဲ
☺ ဟာ ဆရာနဲ့ ဘယ်လိုလုပ် လူချင်းကွဲသွားတာလဲ။ ထင်တော့ ထင်သားပဲ။ ရုံးက အတူထွက်သွားကတည်းက လူချင်းတော့ကွဲတော့မှာပဲလို့။ ဆရာ လမ်းလျှောက်တာက အရမ်းမြန်နေတာကိုး။



☺ အဲဒီအချိန်မှာ တယ်လီဖုန်းဆောင့်ချလိုက်တဲ့ အသံ ပေါ်လာသတဲ့..
"ဝုပ်"

www.burmeseclassic.com


မိုးရိပ်ဘာ

"ဟာ သူငယ်ချင်း စားသောက်ဆိုင်ကိုမင်းနဲ့အတူမနေ့ကလိုက်လာတဲ့ကောင်မလေးက ဘယ်ကလဲ။ တော်တော်ချောတယ်ကွာ။ မျက်နှာလေးကချိုနေတာပဲ။ ချစ်စရာလေး။ လှတစ်မျက်နှာယဉ်တစ်ကိုယ်လုံးဆိုတဲ့ ပုံစံမျိုးပဲ။ တကယ် တကယ် ခိုင်သင်းကြည်နဲ့နန္ဒာလှိုင်ပေါင်းထားတဲ့ အလှမျိုး။အသံကထက်ထက်မိုးဦးလိုပဲ။မင်းကိုတော့လေးစားသွားပြီကွာ"

"လေးစားရင်လည်းဆက်မပြောပါနဲ့တော့ သူငယ်ချင်းရာ။ မင်းကိုငါ အလေးအနက် တောင်းပန်ချင်တာက ခုစကားတွေကို ငှါမိန်းမရှေ့မှာ မပြောမိပါစေနဲ့ကွာ။ အဲဒါကိုတော့ အလေးအနက်မေတ္တာရပ်ခံပါတယ် သူငယ်ချင်းရာ"

"ရပါတယ်ကွာ။နားလည်မှုရှိပါတယ်။မင်းမိန်းမကိုတော့ မိတ်ဆက်



www.burmeseclassic.com


ပေးထားဦးလေ။ သိနေမှ စကားပြော ဆင်ခြင်လို့ရမှာ”

“မနေ့က မင်းတွေ့လိုက်တာ ငါ့မိန်းမပဲလေ”

“အင် ....”

## ဒါတိုင်းလိုပြောပေးရမလား

နေမကောင်းတဲ့သူဌေးကြီးက သူ့ရဲ့အတွင်းရေးမှူးမကိုခေါ်ပြီး “ငါတော့ သိပ်နေရမယ်မထင်ဘူး။ သေမင်းတော့ ငါ့ဆီလာတော့မှာပဲ”

“ဆရာ မတွေ့ချင်ရင် အစည်း အဝေးရှိတယ်လို့ ကျွန်မပြောပေး ပါ့မယ်။



www.burmeseclassic.com


## ပါပါတယ်



သူငယ်ချင်းနှစ်ယောက်လမ်းမှာဆုံကြရာ

"ဟာ သူငယ်ချင်း ဟိုနေ့ကငါ မင်းကိုအရမ်းသတိရနေတာ။ဈေးဝယ် ရင်းငွေလိုတာနဲ့ မင်းဆီဖုန်းဆက်ပြီး အကူအညီတောင်းရအောင် မင်း ဖုန်း နံပါတ်ကိုလည်း မသိဖြစ်နေတော့.."


"လမ်းညွှန်စာအုပ်ထဲမှာ ပါသားပဲကွာ" နာမည်ကတော့ ငါ့ယောက္ခမ ကြီးနာမည်နဲ့ပဲ

"ဟုတ်လားဒါနဲ့ မင်းယောက္ခမ ကြီးနာမည်က .."

"အဲဒီစာအုပ်ထဲမှာ နာမည်ရော ပါ ပါတယ်"

"ဘယ်သူတဲ့လဲ"

"ဟာအဲဒါတော့မပြောပါရစေနဲ့ ငါ့ငွေချေးတုန်းက သူ့နာမည်သုံးမိလို့ နောက်နောင်သူ့နာမည်ကိုလုံးဝမပြော ရဘူးဆိုမှာထားတယ်ကွာ" စာအုပ်ထဲ မှာသာရှာကြည့်လိုက်ပါကွာ သူ့ နာမည် ပါ ပါတယ်"



**စိန်စိန်ဦး စာအုပ်တိုက်**

www.burmeseclassic.com


**အသုံးချနည်း**

"ငါတို့မိသားစုက အားလပ်ရက်တွေမှာ သုံးနှစ်တစ်ကြိမ် လျှောက်လည်တာပဲ။ အားလပ်ရက်ဆိုတာ အသုံးမချတတ်ရင် ယောင်ချာချာနဲ့"

"လျှောက်မလည်တဲ့နှစ်တွေတော့အားလပ်ရက်မှာ ယောင်ချာချာ မဖြစ်ဘူးလား"

"မဖြစ်ပါဘူး။ လည်ပြီးတဲ့နောက် ပထမနှစ်မှာ အားလပ်ရက်တွေကို လျှောက်လည်ခဲ့တဲ့ အကြောင်းတွေ ပြောပြီး အချိန်ကုန်ကြတာပေါ့"

"ဒါဖြင့် နောက်နှစ်မှာရော"


"နောက် ဒုတိယနှစ်မှာတော့ သုံးနှစ်ပြည့်တဲ့အခါ ဘယ်တွေကို လျှောက်လည်ကြမယ်ဆိုတာဆွေးနွေးရင်းနဲ့ အချိန်ကုန်ကြတာပေါ့"



www.burmeseclassic.com


## ပြောလိုက်ပါ့မယ်

☺ ဟဲလို မောင်စိုးလား။
☺ ဟုတ်ပါတယ် ဘယ်သူပါလိမ့်
☺ ငါပါကွ သံချောင်းပါ။ ဆယ်တန်းတုန်းက အတူနေခဲ့တာလေကွာ တစ်ခုံတည်း အတူထိုင်ခဲ့ကြတာ။
☺ အော် အေး မှတ်မိပြီ။
☺ အမှတ်သုံးကျောင်းမှာ နေခဲ့တဲ့ မောင်စိုးနော်။
☺ ဟုတ်ပါတယ် သံချောင်းရ။
☺ မင်းမောင်စိုး သေချာပါတယ် နော်အသံကတစ်မျိုးဖြစ်နေလို့။
☺ အအေးမိပြီးလည်ချောင်းနာ အသံဝင် ဖြစ်နေလို့ပါကွာ။
☺ မောင်စိုး ဆိုတာ သေချာရင်တော့ ငါပြောမယ်။
☺ ပြောပါ မောင်စိုးပါ။
☺ တစ်ခြားမဟုတ်ပါဘူးကွာ။ ငါ ငွေတစ်သောင်းလောက်ချေးချင်လို့ပါ။
☺ ကောင်းပြီလေ မောင်စိုးပြန်လာရင်ငါပြောပြလိုက်ပါ့မယ်။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## သိပါရစေ

"ငါ့သား အမေအိပ်မက်မက်ရင် တကယ်ဖြစ်တတ်တယ်။ ငါ့သား ဝမ်းသာပေတော့။ မနေ့ညက အမေ အိပ်မက်မက်တယ်။ အိပ်မက်ထဲမယ် သားအလုပ်ရပြီး အလုပ်ကပြန်လာ တာကို အမေက ကြိုနေရတယ်လို့ မက်တယ်။ ဝမ်းသာပေတော့"

"ဘာလုပ်နေရတာတဲ့လဲ အမေ"

"အဲဒါတော့ မသိဘူး။ ငါ့သား အလုပ်ကပြန်လာတာကို ကြိုနေ ရတယ်ပဲမက်တယ်"

"ဒါဖြင့် တစ်ခုပြောပြပါဦး။ ကျွန်တော်ပြန်လာတော့ သက်တောင့် သက်သာ ပြုံးပြုံးရွှင်ရွှင် လန်းလန်း ဆန်းဆန်းလား။ ဒါမှမဟုတ် ပင်ပန်း နွမ်းနယ်နေတဲ့ပုံနဲ့ မောပန်းပြီး ချွေးတွေပျံလို့ ခြေကုန်လက်ပန်း ကျပြီးပြန်လာတဲ့ပုံလား။ သား ဝမ်းသာဖို့ သင့်မသင့် ခွဲခြားပြီး သိပါရစေအမေ"



**စိန်စိန်ဦး စာအုပ်တိုက်**

www.burmeseclassic.com


## အမြဲမဟုတ်ပါဘူး

တစ်ခါကအမျိုးသမီးနှစ်ယောက် လမ်းမှာဆုံကြတော့ –

“ဘယ်လိုလဲ မင်းတို့အိမ်ထောင်ရေး အဆင်ပြေရဲ့လား”

“ပြေပါတယ် မင်းတို့ရော”

“တို့ကတော့ မကြာခဏ ရန်ဖြစ်နေရတာပဲကွာ။ ကိုယ့်အမျိုးသားက လိမ်ပြောတာတွေ များတယ်။ ကိုယ်ကလည်းလိမ်တာကို မကြိုက်ဘူး။ သူကလည်း အမြဲလိမ်တယ်။ မင်းအမျိုးသားရော”

“ကိုယ့်အမျိုးသားကတော့ အမြဲမလိမ်ဘူးကွ .. ဆိုပါတော့ .. ကိုယ်သိပ်ပင်ပန်းပြီး သူ့ကို ဘာမှမမေးဖြစ်ဘဲ အိပ်ပျော်သွားတဲ့နေ့မျိုးတွေမှာဆိုပါတော့”




www.burmeseclassic.com


## ခိုးရိုက်လို့

☺ အမှန်အတိုင်းပြောပါ


☺ တရားသူကြီးမင်းက ထောင်မချပါဘူးလို့ဂတိပေးလေ။



## လုံလောက်ပါတယ်

"ငါ့သား အလှအပဆိုတာ အရေပြားတစ်ထောက်ကလေးပေါ်မှာရှိတာပါကွာ။ အဖေပြောထားတဲ့စကားကို မမေ့ပါနဲ့"

"သားအတွက်တော့ အဲသလောက်ဆိုရင် လုံလောက်ပါတယ် အဖေ။ အသား၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း ဆိုတာတွေကိုပါ စစ်ဆေးရမယ်ဆိုရင် သူ့ကို ဓာတ်မှန်ရိုက်တဲ့ဆီခေါ်သွားရတာခက်မှာပေါ့"



www.burmeseclassic.com



ရှော့မောင်

☺ အားလုံးမြင်ရရဲ့လားမောင်
☺ အင်း
☺ ဘေးကလက်တင်တဲ့တန်းကောင်းရဲ့လား
☺ ကောင်းပါတယ်
☺ ထိုင်ရတာ အားလုံးအဆင်ပြေတယ်နော်
☺ ပြေပါတယ်မေရဲ့
☺ ဒါဆိုနေရာချင်း လဲထိုင်ရအောင်နော်



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## ကိုမိန်းမဟုတ်လား

တစ်ခါကမိန်းကလေးတစ်ယောက် ဟာအိမ်ထောင်ပြုဖို့ စိတ်ကူး ဆုံးဖြတ်တဲ့အတွက် သူ့ရဲ့ရှေ့ရေးကို သိချင်လို့ လက္ခဏာဆရာမတစ်ဦးဆီ မှာသွားပြီး လက္ခဏာသွားမေးတယ်။



“ကျွန်မရဲ့အချစ်ရေးအိမ်ထောင် ရေးကိုအဓိကကြည့်ပေးပါရှင်။ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်ကူးထားလို့။ ကျွန်မရွေးချယ်ထားတဲ့လူကစိတ်ချမ်းသာ စရာကောင်းတဲ့ အိမ်ထောင်တစ်ခု ထူထောင်နိုင်မှာဟုတ်မဟုတ်သိချင်လို့ပါ”

“ရပါတယ် ကဲ ရှင့်လက်ကို ပြပါဦး”

လက္ခဏာဆရာမက လက်ဝါး ပြင်ပေါ်က အရေးအကြောင်းတွေ လက်ချောင်းတွေ သွယ်ဆင်းပုံ၊ လက်ငါးချောင်းရဲ့ အတို အရှည်၊ အနေအထားအားလုံးကို စိတ်ရှည် လက်ရှည်ကြည့်ပြီးတော့

www.burmeseclassic.com


"ရှင် ရွေးချယ်ထားတဲ့ချစ်သူဟာ အရပ်ရှည်ရှည်ဖြစ်ပြီး အသားနည်းနည်းညိုတယ်မဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"စိတ်တော့မရှိနဲ့နော်၊ ပွင့်ပွင့်လင်းလင်းပြောမယ်"

"ပြောပါရှင်"

"ရှေ့သွားနည်းနည်းခေါတယ်"

"ဟုတ်ပါတယ်"

"အဲဒီလူကပဲလက်ထပ်ခွင့်တောင်းတာဖြစ်ပြီး ရှင်ရွေးချယ် လက်ခံခဲ့တာလည်း အဲဒီလူပဲဖြစ်ရမယ်"



"ဟုတ်ပါတယ်"

"ရှင်တို့တွေ့တာ ဆယ်ရက်အတွင်းမှာပဲရှိသေးတယ်"

"ဟုတ်ပါတယ်"

"အဲဒီအမျိုးသားရဲ့နာမည်ကကိုစိန် မဟုတ်လား"

"ရှင် ဆရာမ ဘယ်အရေးအကြောင်းကြည့်ပြီး အမျိုးသားရဲ့

www.burmeseclassic.com



နာမည်ကိုပါ ပြောနိုင်တာလဲဟင်”

“အရေးအကြောင်းကြည့်ပြောတာ မဟုတ်ပါဘူး” ရှင့်လက်မှာ ဝတ်ထားတဲ့ လက်စွပ်ကိုကြည့်ပြီး ပြောတာပါ။ အဲဒီလက်စွပ်ကို ကျွန်မ ဆီကပြန်တောင်းသွားတာ ဆယ်ရက် ပဲရှိသေးတယ်ရှင့်..”

## သိပါတယ်

ငါမင်းကိုအလုပ်ခန့်ထားတာ ငါ့အလုပ်တွေလုပ်ဖို့လေ။ ဒီမှာအပြင် အလုပ်တွေယူလုပ်ဖို့ လခပေးထား တာမဟုတ်ဘူး။

ဟုတ်ကဲ့ ဒါတွေအတွက် ဆရာ့ ဆီကလုပ်ခမတောင်းပါဘူးခင်ဗျာ။




www.burmeseclassic.com


ငါနှစ်သက်တာက

"မင်းမနှစ်သက်တဲ့ မိန်းကလေးကို ဘာလို့လက်ထပ်ခွင့်တောင်းရတာလဲကွာ။ မင်းပြောတော့ အဲဒီကောင်မလေးမှာ အသိဉာဏ်လည်းမရှိဘူး။ ငွေလည်းမရှိဘူး။ အပေါင်းအသင်းကောင်း မိတ်ဆွေကောင်းလည်းမရှိဘူး။ ငွေလည်းမရှိဘူး။ မင်းရဲ့စွမ်းရည်ကိုလည်းမသိဘူးဆို –

"ငါနှစ်သက်တာက သူ့မိသားစုကွ။ အဲဒီအရည်အချင်းတွေ အားလုံး သူ့မိသားစုမှာရှိနေလို့"



www.burmeseclassic.com


## မျှော်လင့်ချက်

"ငါ့သမီးဟာအသိဉာဏ်နည်းပြီး မိုက်မဲတယ်ဆိုတာမင်းသိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

"ဒါနဲ့များ မင်း ဘာလို့ သူ့ကို လက်ထပ်ခွင့်တောင်းရတာလဲ"

"အလွန်မိုက်မဲတဲ့ သမီးကိုယူတဲ့ အတွက် လူကြီးမင်းကပေးမယ့် ကြင်နာမှုကိုမျှော်လင့်ယုံကြည်မိလို့ပါ"



## တခြေကြောက်သူ

ရုံးတက်ချိန်က ကိုးနာရီကွ။ မင်း ရုံးတံခါးကို မနက်ကိုးနာရီမှာ ဖွင့်ပြီးဖြစ်ရမယ်။

ကျွန်တော် တစ်ယောက်တည်း မနေရဲလို့ပါဆရာ။



www.burmeseclassic.com


## စိုးရိမ်ရပါသော်ကော



☺ ကျွန်တော့်မိန်းမ ဖျား မဖျား အမြန်ဆုံးလာကြည့်ပေးပါဆရာ

☺ သိပ်မစိုးရိမ်ပါနဲ့ဗျာ။

☺ သူက နေကောင်းပြီဆိုပြီး ကျွန်တော့် နောက်လိုက်မယ် တကဲကဲ လုပ်နေလို့ပါဆရာ။ အမြန်လာပါဦး။

## သိချင်လို့ပါ



☺ "ဟဲလို .. ဖုန်းနံပါတ် .. ကပါလား"

☺ ဟုတ်ပါတယ်ရှင် ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ

☺ ကျေးဇူးပါပဲကွယ်။ အန်တီ့ အမျိုးသားအိတ်ထဲကဖုန်းနံပါတ် တွေ့လို့ ဆက်ကြည့်တာပါ။

www.burmeseclassic.com


ဒါပဲလား

“တော်ဒီလဝင်တာ ဒါအကုန်ပဲလား”

“အေး”

“မုံရွာက ကုန်သည်တွေဆီက ငွေတွေ မရောက်လာသေးဘူးလား”

“မရောက်သေးဘူးကွာ”

“ဒါနဲ့ မေးရဦးမယ် တော်ကိုသာဝတို့နဲ့ စားသောက်ဆိုင်သွားတဲ့ ငွေတွေက ဘယ်ကရတာလဲ”

“အဲဒါကသူတို့ကကျွေးတာပါကွာ”

“ကိုသာဝမိန်းမက ပြောတော့ ကိုသာဝကတော်ကျွေးလို့လိုက်စားတာလို့ ပြောသတဲ့”

“သူလိမ်တာပါသာဝအကြောင်း မင်းလည်းသိသားနဲ့။ သူက မိန်းမကို လိမ်နေကျကွ”



“တော်ကတော့ မလိမ်ဘူးလား”


“မင်းကွာ အလကားနေရင်း စကားမများချင်စမ်းပါနဲ့။ လင်နဲ့မယားတွေ့တုန်းမှာ ကြည်နူးမှုလေး

www.burmeseclassic.com


ရှိအောင်တခြားစကားတွေ မပြော တတ်တော့ဘူးလား”

“တော်ကတော့ရော လစဉ်ဒီ အဖြေတွေပဲပေးနေတာ။ တော့်မှာရော တခြားစကားတွေနဲ့ပေးစရာအဖြေ မရှိတော့ဘူးလား”

## သိပေမယ့်



☺ “မင်းငါဆိုးတာတွေကို သိတယ်နော်”

☺ “သိပါတယ်ရှင်”

☺ “သိတယ်ဆိုပြီး ဆက်ချစ်နေနိုင်တဲ့မင်းရဲ့အချစ်ကိုတော့ ငါလေးစားသွားပြီ။ မင်းငါ့ကို ချစ်နေနိုင်တဲ့အကြောင်းရင်းလေး သိလို့ရမလား”

☺ “ရပါတယ်”

☺ “ပြောစမ်းပါ”

☺ “ရှင့်သူငယ်ချင်းတွေကရှင့် ထက်ဆိုးတယ်ရှင့်”

www.burmeseclassic.com


## ခိုးရိုက်လို့ပါ



☺ " သမီး – လာပါဦး"
☺ "ဘာပြောစရာ ရှိလို့လဲ ဖေဖေ"
☺ " ည ည ဆို သမီးချစ်သူ အလည်လာတယ်နော်"
☺ "ဟုတ်ပါတယ်ဖေဖေ"
☺ "သူ မနက်လင်းမှပြန်တာနော်"
☺ "ဖေဖေ – သမီးတို့ဧည့်ခန်းမှာ ပဲထိုင်စကားပြောကြတာပါ"
☺ "ဖေဖေသိပါတယ် သမီး။ အိပ်ရေးပျက်တာများလာရင် ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ"
☺ "သူကနေ့မှာအိပ်ချိန်ရှိပါတယ်"
☺ "သူ့မှာ အိပ်ချိန်ရှိပေမယ့် ဖေဖေ့မှာ အိပ်ချိန်မရှိဘူးလေ"

www.burmeseclassic.com




## လိုတာပြမယ်ဆိုရင်


☺ ငါမင်းကိုချစ်ရေးဆိုမယ်ဆိုရင် ကူညီကြပါဦးလို့အော်မှာလား

☺ ချစ်ရေးဆိုဖို့အတွက် ရှင့်မှာ အကူအညီလိုလို့လား။


## နည်းနည်းပိုသွားလို့

ငါ့ဆီမှာ အလုပ်လုပ်မယ်ဆိုရင် ငါ့အကြောင်းသိဖို့လိုတယ်။ ဒါနဲ့ မင်းရဲ့အရင်ဆရာက ဘာလို့ မင်းကို ဖြုတ်လိုက်တာလဲ။

"ငါ့အကြောင်း မင်းသိတာတွေ သိပ်များနေပြီ" ဆိုပြီး ဖြုတ်လိုက်တာပါ။



www.burmeseclassic.com





### ငါတော်တော်ကြောက်လာပြီ

မင်းကမိန်းမတော်တော်ကြောက်တာပဲ။ ဒီလောက်ကြောက်နေတာ လုပ်တော့ရော ဘာအလုပ် လုပ်သလဲ။

ဆပ်ကပ်ထဲမှာ ခြင်္သေ့သွားတိုက်ရတာပါ ခင်ဗျာ။

### တော်သေးရဲ့



☺ "ကျွန်မအိပ်ယာက ထတဲ့အချိန်မှာ မောင့်ကို ကျွန်မအေား မှာတွေ့ရတဲ့ အတွက် ပြောမပြနိုင်အောင် ဝမ်းသာ ကြည်နူးရပါတယ်ရှင်

☺ "ကျေးဇူးတင်ပါတယ်ကွာ။ မင်းမှာ အိပ်ယာက စောစောထတဲ့အကျင့် မရှိလို့"

www.burmeseclassic.com


## တြိဂံတင်လေး ကျင်ခဲ့သလို

☺ မင်းက ငါ့သမီးလာတောင်း တာတော့ဟုတ်ပါပြီ။ ငါက နှုတ်ကြမ်းတယ်။ အမြဲတန်း ဟိန်းဟောက် အော်ငေါက် နေတတ်တာ။ သိရဲ့လား။


☺ ဟုတ်ကဲ့သိပါတယ်။

☺ ငါ့ပါးစပ်ကြောက်လို့ ဘယ်သူ မှလာမတောင်းရဲဘူး။

☺ အဲဒီအထဲ ကျွန်တော်မပါဘူး ခင်ဗျ။

☺ တယ် သတ္တိကောင်းပါလား။ မင်းအလုပ်အကိုင်ပြောပါဦး။

☺ ကျွန်တော် ဆပ်ကပ်ထဲမှာ ခြင်္သေ့ပါးစပ်ထဲ ခေါင်းဝင်ပြ ရတဲ့အလုပ် လုပ်ပါတယ်။




www.burmeseclassic.com


## မျက်စိနောက်လို့

“မင်းရဲ့အရောင်းစံချိန် အတော်ကိုတက်သွားပါလား။ ဘယ်လိုလုပ်ရောင်းခဲ့တာလဲ”

“ကျွန်တော့်ကိုကိုက်တဲ့ခွေးကို မွေးထားတဲ့အိမ်ရှင်ကဝယ်လိုက်လို့ပါ”




## အိုဗာတိုင်

အလုပ်ခွင်မှာ အိပ်နေတဲ့အလုပ်သမားကို

**အုပ်ချုပ်ရေးမှူး** ။ ။ ဘာလို့အိပ်နေရတာလဲ။

**အလုပ်သမား** ။ ။ ညမှာအိုဗာတိုင်ဆင်းရမယ် ဆိုလို့ပါ။



www.burmeseclassic.com



## အိမ်ထောင်ရှိသူဖြစ်ရမည်



☺ အိမ်ထောင်ရှိသလား

☺ ဒီအလုပ်လျှောက်ကာနီးမှ ကွာခဲ့တာပါရှင်

## လုပ်ငန်းခွင်ကိုပြန်သွားပါ



နေမကောင်းလို့အလုပ်ကနားနေတဲ့လူနာကိုဆရာဝန်ကလာကြည့်ပြီး

☺ ခင်ဗျားမိန်းမက အလုပ်သွားရသလား။

☺ မသွားရဘူးဆရာ။ တစ်နေကုန်အိမ်မှာပဲနေတာပါ။

☺ ဒါဖြင့် ခင်ဗျားလုပ်ငန်းခွင်ကို ပြန်သွားပါ။ ခင်ဗျားရောဂါက ဆိတ်ငြိမ်တဲ့နေရာမှာ အနားယူဖို့လိုပါတယ်။


www.burmeseclassic.com


## နောက်ကျတဲ့အကြံပြုချက်



☺ မင်းအိပ်ယာထမျက်နှာသစ်ရင်း သွားတိုက်ဖို့ကောင်းတယ်။
☺ ဘာလို့ခုလိုပြောရတာလဲ။
☺ မင်းပါးစပ်ကကြက်ဉနံ့ရနေလို့။
☺ ကြက်ဥစားထားတာကသုံးရက် ရှိပါပြီကွာ။

## ခွင့်ပြုမှာလား



☺ သမီးမန်နေဂျာဖြစ်ပြီဖေဖေ။
☺ ဝမ်းသာပါတယ်ကွယ်။ အဲဒီ တော့
☺ သမီးအတွက် စက္ကရီထေရီကို အမျိုးသားခပ်ငယ်ငယ်ခန့် ချင်တယ်ဖေဖေ။


www.burmeseclassic.com


## ဒီအတိုင်းပဲနေ



☺ ငါရာထူးတိုးတော့မယ်ကွ။ သူဌေးကပြောတယ်။
☺ ဒီအတိုင်းပဲနေပါတော်။
☺ ဘာလို့လဲ။
☺ တော်ရာထူးတိုးရင် စက္ကူရီ ထေရီနဲ့နေရတဲ့နေရာ ရောက်မှာစိုးလို့။

## အလုပ်မရွေးပါဘူး



☺ ငါ့သား မင်းဘာအလုပ် လုပ်ချင်သလဲ။
☺ သားအတွက် စက္ကရီထေရီသာရှိမယ်ဆိုရင် ဘာဖြစ်ဖြစ် လုပ်ပါတယ်ဖေဖေ။

www.burmeseclassic.com


## ရှေ့ကဖုံး နောက်ကပေါ်



☺ ခင်လား။ မောင် အစည်းဝေး ရှိလို့နောက်ကျမယ်။

☺ ဟုတ်လား။ မောင်အစည်း အဝေးမှာ တင်ပြဖို့ထင်တယ်။ မောင်ဝယ်လာတဲ့နှုတ်ခမ်းနီဗူး မေ့ကျန်ခဲ့တာ။ အိပ်ထဲကတွေ့ တယ်မောင်။ ပို့ရိုင်းလိုက်ရ မလား။

## ဘုံကျပဲ



ယောကျ္ခမအိမ်အလည်သွားတဲ့ သားမက်ကိုယောကျ္ခမကမေးတယ်။

☺ မင်းတို့နယ်မှာဘာတွေပေါသလဲ။

☺ လေပဲပေါတယ်ခင်ဗျ။

☺ ဟန်ကျတာပဲ။ လိုက်ခဲ့ဦးမှ။ မြို့မှာနေရတာ အသက်ရှူ မဝတာနဲ့။

www.burmeseclassic.com


## သွားရမယ့်လမ်း


ခရီးသည်က သင်္ဘောကပ္ပတိန်ကို

☺ ကျွန်တော်တို့ ဘယ်လောက်သွားရင်မြေပြင်ကိုတွေ့နိုင်မလဲ။

☺ သုံးမိုင်လောက်ပါပဲ။

☺ ဘယ်လမ်းကသွားရမှာလဲ။

☺ အောက်တည့်တည့်ဆင်းသွားရမှာ။



## ရတာမလို


ငါ့မှာ ချစ်သူနှစ်ယောက်ရှိတယ်ကွာ။ ဘယ်သူ့ကို တစ်သက်လုံးစိတ်ဝင်စားနေနိုင်မလဲဆိုတာ ခုထိဝေခွဲလို့မရဘူး။

မင်းမယူဖြစ်တဲ့မိန်းကလေးဟာ မင်းတစ်သက်လုံးစိတ်ဝင်စားနေမယ့် မိန်းကလေးပေါ့ကွာ။



www.burmeseclassic.com


## ဆုံးရှုံးနေတဲ့ခံစားခွင့်



☺ မင်းကမှ နားရက်ရှိသေးတယ်။ ငါ့မှာနားရက်ကိုမရှိပါဘူးကွာ။

☺ ခင်ဗျားက ဘယ်မှာ လုပ်တာလဲ။

☺ ဘယ်မှကိုမလုပ်ရသေးလို့။

## ယုံရခက်လို့




**သူဌေး** ။ ။ ငါကမင်းကိုနှစ်ကုန်မှာငွေတစ်သိန်းဆုပေးမယ်ဆိုရင်မင်း အလုပ်ချိန်ကို လေးစားနိုင်ပါ့မလား။

**အလုပ်သမား** ။ ။ အဲသလို ပေးမယ်ဆိုတာ ကျွန်တော်ယုံဖို့ခက်နေတယ်ခင်ဗျာ။

www.burmeseclassic.com


## တော်တော့်ကိုမေ့တာ



☺ ငါ့ထီးဘယ်မှာ မေ့နေခဲ့သလဲ မသိဘူး။

☺ မေ့မှန်းဘယ်အချိန်မှာ သတိရတာလဲ။ ပြန်စဉ်းစားပါဦး။

☺ မိုးတိတ်သွားလို့ ထီးပိတ်မယ်လုပ်တော့မှ လက်ထဲထီးမရှိမှန်းသိတာ။

## ရည်ရွယ်ချက်



☺ အသက်ဘယ်လောက်ရှိပြီလဲ။

☺ ငါးဆယ်ကိုးနှစ်။

☺ ဒီအရွယ်ကြီးကျမှ အလုပ်လျှောက်ရတဲ့ ရည်ရွယ်ချက်ပြောပါဦး။

☺ ပင်စင်လိုချင်လို့ပါ။

www.burmeseclassic.com


**စားသောက်ဆိုင်မှာ**

**စားပွဲထိုး** ။ ။ဆရာ .. မေ့နေပြီလား
**ဧည့်သည်** ။ ။ဘာကို မေ့ရမှာလဲ။ ခုလေးတင် မင်းကို ဆုငွေပေးပြီးပြီလေ။
**စားပွဲထိုး** ။ ။ဆရာမေ့နေတာ စားဖို့ ဆရာ။ ဘာမှမမှာရသေးဘူး။



**ဘယ်အချိန်ထဲ ရှင်းရင်လဲ**

☺ ငါ့မင်းအတွက်ဆိုရင်ရေထဲရော မီးထဲရော ဖြတ်ရဲပါတယ်။
☺ ရှင်းအောင်ပြောပါ။ ရေထဲဖြတ်ပြီးမှ မီးထဲဖြတ်မှာ ဆိုရင် ဘယ်ပုံမှာလဲ။



www.burmeseclassic.com


## သေချာအောင်လို့



သွားနှုတ်ဖို့လာတဲ့ရုပ်ရှင်ဒါရိုက်တာက

**ဒါရိုက်တာ** ။ ။ မနာပါဘူးနော်။

**ဆရာဝန်** ။ ။ ရီဟာဇယ်(အစမ်း) သွား
တစ်ချောင်းနှုတ်ပြရမလား။

## အကြောင်းရှာတော့



**မန်နေဂျာ** ။ ။မင်းတို့အရောင်း
စျေးသည်တွေထဲ
မှာလိမ်ပြောတတ်
သူပါသလား။

**အရောင်းစျေးသည်** ။ ။အားလုံးပါပဲရှင်။

**မန်နေဂျာ** ။ ။အင်း ဒါကြောင့်
သိသိ သာသာ
အရောင်းတက်လာ
တာကိုး။

www.burmeseclassic.com



## လက်မှတ်ထဲကဘူတာ

☺ မီးရထားလက်မှတ်ခင်ဗျ။
ခရီးသည်က ဟိုစမ်း ဒီစမ်းနှင့်

☺ ဒုက္ခပဲ မတွေ့တော့ဘူး

☺ အဲဒါဆိုရင်တော့ ဒဏ်ရိုက်ရမှာပဲ။ ဦးလေးက ဘယ်ထိစီးမှာလဲ။

☺ ငါကဆင်းရမယ့်ဘူတာမသိဘူးကွ။ သမီးကလက်မှတ်ဝယ်ပေးလိုက်တာ။ ဘူတာကလက်မှတ်ထဲပါသွားပြီ။




www.burmeseclassic.com


## ဘာကျယ်လို့

☺ ဆရာက ဂီတမြွတ်နိုးတယ် ထင်တယ်။အဆိုတော်တွေသွား နှုတ်ရင်စျေးလျှော့ယူတာက

☺ အလုပ်လုပ်ပေးရတာလွယ်ကူ လို့ပါဗျာ။



## နားကြားမမှားပါဘူး

☺ သွားနှုတ်တာနာသလားဟင်


☺ မနာပါဘူး

☺ ဒါဖြင့်အစောကဘာလို့အော် တာလဲ

☺ သားမအော်ပါဘူး

☺ နားကြားမှားပြီထင်တယ်

☺ ဆရာအော်တာပါ။ သား သူ့လက်ကို ကိုက်လိုက်လို့။




www.burmeseclassic.com



## ဘာပိတ်ဘာဖွင့်

စကားအဆက်မပြတ်ပြောနေတဲ့လူနာကို သွားဆရာဝန်က

☺ ခင်ဗျားပါးစပ်ကိုပိတ်လိုက်ပါပြီးရင်ကျယ်ကျယ်ပြန်ဟပါ။



## ရင်တုန်လို့ပါ

☺ မနေ့က မင်းနဲ့ တွဲလာတဲ့ ကောင်မလေးက တော်တော့်ကို ချစ်စရာကောင်းတာပဲ။ လှပုံက ရက်စက်တယ်ကွာဘယ်သူလဲ။

☺ မင်းအဲဒီစကားကို ငါ့မိန်းမရှေ့မှာသွားမပြောရဘူးနော်။

☺ စိတ်ချပါ။

☺ အဲဒါငါ့မိန်းမပဲ။



www.burmeseclassic.com



## ဟောင်းတော့ဟောင်းတာပဲ




☺ ရှေးဟောင်းပန်းချီကားလား။

☺ မဟုတ်ပါဘူး။ ရှေးဟောင်း
ဆေးနဲ့ရေးထားတာပါ။

## ဖြစ်မယ်ထင်လုပ်ကြည့်လေ

**လူနာ** ။ ။ သွားတစ်အားကိုက်
တယ်ဆရာ။မခံနိုင်တော့
ဘူး။ ကိုယ့်ဟာကိုယ်ဆွဲ
နုတ်ချင်စိတ်ကို ပေါ်နေ
ပြီ။

**ဆရာဝန်** ။ ။ ဒါဖြင့်ဘာလို့ဆေးခန်း
လာရတာလဲ။




www.burmeseclassic.com


## ယုံကြည်လို့

☺ လူကြီးမင်းကို ယုံကြည်ပါတယ်ခင်ဗျာ။ ငွေမပါတာအကြောင်းမဟုတ်ပါဘူး။ မမေ့အောင်လို့ နာမည်ကိုသာ ဟိုနံရံပေါ်မှာရေးမှတ်ထားခွင့်ပြုပါ။

☺ ဟာကွာ တခြားလူတွေမြင်ကုန်မှာပေါ့။

☺ အဲဒီအတွက်တော့စိတ်ချပါခင်ဗျာ။ လူကြီးမင်းနာမည်တခြားလူတွေ မမြင်အောင်လူကြီးမင်းရဲ့အပေါ်အင်္ကျီနဲ့ဖုံးထားပေးပါ့မယ်။ အင်္ကျီလေးပါထားခဲ့ပါ။



www.burmeseclassic.com




## သွားကောင်းရဲ့ညည်းချင်း

လူတွေကမတရားဘူးဗျာ။ကျုပ်ကိုတော့ခိုင်းကောင်းကောင်းနဲ့အဆက်မပြတ်ခိုင်းကြတယ်။ ဟိုခိုင်းမရတဲ့မကောင်းတဲ့သွားကျတော့ ရွှေကွပ်ပေးထားတယ်။



## ဆာလှပြီ

☺ အစားအသောက်စာရင်းကဒ်ပြားယူမလားခင်ဗျာ။

☺ အဲဒီကဒ်ပြားက စားလို့ ရသလား။

www.burmeseclassic.com


## ဝန်ဆောင်မှု

☺ မင်းတို့ဟိုတယ်က ဝန်ဆောင်မှု ညံ့လွန်းတယ်ကွာ။ ဒီအတိုင်း ဆိုပိတ်ရလိမ့်မယ်။

☺ လူကြီးမင်းကို ကသီလင်တ မဖြစ်စေချင်လို့ ဝန်ဆောင်မှု ပေးတဲ့အနေနဲ့ လက်ခံတာပါ ခင်ဗျာ။ မနေ့ကတည်းက ပိတ်မယ့်နေ့ပါ။



## မပင်ပန်းအောင်လို့

☺ အိပ်မက်ထဲမှာ ငါအလုပ်လုပ် နေတယ်ကွာ။

☺ ဂေဇက်ရက်မှာ မက်တာတော့ မဟုတ်ဘူး။



စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com


## သူငယ်ချင်းကောင်း

မင်းငါ့ကိုခုလို မင်းသူငယ်ချင်းရဲ့ကုမ္ပဏီမှာ အလုပ်ရအောင် ကူညီတာ ကျေးဇူးတင်ပါတယ်။

မလိုပါဘူးကွာ။ ငါ့ကုမ္ပဏီမှာ အလုပ်မတောင်းတဲ့အတွက် ငါက ကျေးဇူးတင်ရမှာပါ။




## အဲဒါတော့ပေးနိုင်ဘူး

☺ စိတ်ဓာတ်ကျနေတဲ့ သူငယ်ချင်းကိုတွေ့ရင်ဘာလုပ်မလဲ။

☺ အားပေးပါ့မယ်။

☺ စီးပွားကျနေတဲ့ သူငယ်ချင်းကိုတွေ့ရင် ...

☺ အဝေးကရှောင်ပါ့မယ်။



www.burmeseclassic.com


## ရှင်းသွားပြီ


မြို့တက်အလုပ်လုပ်မယ့် သူကို လူဆိုးက



☺ မင်းမှာပါတဲ့ငွေတွေပေးခဲ့ပါ။ မပေးရင်တော့မင်းရဲ့ဦးနှောက်ကိုဖောက်ထုတ်ပစ်လိုက်ရမှာပဲ။

☺ သဘောပဲသူငယ်ချင်း။မြို့မှာက ဦးနှောက်မပါဘဲနေလို့ရတယ်။ ငွေမပါဘဲနေလို့မရဘူးကွ။

## ပြောရမှာရှက်လို့



☺ ညီမဆီ ဖုန်းဆက်ချင်လို့ ဖုန်းနံပါတ်လေးပေးပါလား။

☺ ဖုန်းစာအုပ်ထဲမှာ ပါပါတယ်။

☺ ဟုတ်လား ညီမ နာမည်က။

☺ နာမည်လည်း ဖုန်းစာအုပ်ထဲမှာ တွဲပါ ပါတယ်။

www.burmeseclassic.com


## ဘာတတ်နိုင်သေးလဲ



☺ တော် ဘာလို့ ကတုံး တုံး လာရတာလဲ။

☺ မင်းက ဆံပင်ဆွဲ ပါးရိုက်မယ် ချည်းပြောနေလို့။

## ဘယ်သိမှာလဲ

☺ ဟေး ငါ့လက်ဖက်ရည်ခွက် ထဲမှာပါလာတာ ဘာကောင် လဲကွ။

☺ ကျွန်တော် ဘယ်လိုလုပ် သိနိုင် မှာလဲခင်ဗျာ။ အကြားအမြင် ဆရာမှမဟုတ်တာ။စားပွဲထိုးပဲ။



www.burmeseclassic.com


## အကျင့်



☺ မင်းတို့ဆိုင်က ထမင်းဟင်းတွေက ဘယ်လိုများ ချက်ထားတာလဲကွာ၊ စိတ်မကောင်းတဲ့လူကိုကျွေးမှပဲစားမှာ။ မင်းတို့ ဘယ်ကလာဖွင့်တာလဲ။

☺ စိတ်ရောဂါကု ဆေးရုံနားကပါ ခင်ဗျာ။

## သန့်ပါတယ်



☺ စားပွဲထိုး – လာပါဦး။ ဒီမှာ မလိုင်မုန့်ထဲ ယင်ကောင်ပါလာတယ်။

☺ စိတ်ချပြီး စားပါခင်ဗျာ။ အဲဒီ ယင်ကောင်က ထောပတ်ထဲက ပါလာတာပါ။


www.burmeseclassic.com


## ကြောက်ပေမယ့်

☺ ငါ့မိန်းမက ငါ့ကို သိပ်ကြောက်တာ။ ငါးချောက်ဆိုလိုက်တာနဲ့ ဖုတ်ပြီးသား။

☺ ဆီပါဆမ်းပြီးသားဖြစ်အောင် လေ့ကျင့်ပေးလေ။

☺ ဆီမရှိလို့ပေါ့ကွာ။



## ငါ့အကြောင်းငါသိတယ်

☺ ရှင် အစားပျက် နေတယ်။ ဆရာဝန်နဲ့ ပြကြည့်ပါ့လား။

☺ မလိုပါဘူးကွာ။ ဆန်ပြောင်းချက်လိုက်ရင် အဆင်ပြေသွားမှာပါ။



www.burmeseclassic.com




## သေချာပါတယ်

☺ ရှင် ကျွန်မကို ဘယ်တုန်းက စချစ်သွားတာလဲ။

☺ မှန်မှန်ကန်ကန် မစဉ်းစားတတ်ခင်ကပဲကွယ်။

## ကျေးဇူးတင်ရမှာနဲ့မတန်လို့

☺ မင်း ငါ့ကို ငွေတစ်ထောင် လောက် ချေးလိုက်တာနဲ့ မွဲ မသွားနိုင်ပါဘူးကွာ။ ငါမင်း ကျေးဇူးကိုမမေ့ပါဘူး။

☺ သူငယ်ချင်းရာ .. မင်းလည်း ငွေလေးတစ်ထောင်ရတာနဲ့ ချမ်းသာသွားမှာမှ မဟုတ်ဘဲ။ မင်းဂုဏ်သိက္ခာအတွက် ပြောတာပါ။ မလိုချင်ပါနဲ့ကွာ။




www.burmeseclassic.com


## မေ့နေလို့

**သွားဆရာဝန်** ။ ။ပြောဖို့မေ့နေတယ်။နာရင် လက်ကိုလှုပ်လိုက်နော်

ဆရာဝန်ရဲ့စကားဆုံးတော့ လူနာကသူ့လက်ကိုလှုပ်လိုက်တယ်။ ဆရာဝန်က သူလုပ်စရာ ရှိတာတွေပဲ ဆက်လုပ်နေတယ်။ဒီတော့လူနာက



**လူနာ** ။ ။နာတယ်ဆရာ၊ လက်လှုပ်နေတယ်လေ။

**ဆရာဝန်** ။ ။သွားကနှုတ်ပြီးနေပြီ ဗျ။ ဆေးထည့်နေတာ။ ဘာနာတာလဲ။

**လူနာ** ။ ။ဒါဖြင့် ဆရာကဘာလို့ နာရင်လက်လှုပ်လိုက်လို့ပြောရတာလဲ။

**ဆရာဝန်** ။ ။သွားမနှုတ်ခင်က ပြောဖို့မေ့နေလို့ဗျ။

**စိန်စိန်ဦး စာအုပ်တိုက်**

www.burmeseclassic.com




## ခေါင့်ပေါ်ဦး

☺ မင်းတို့ဟိုတယ်ကရေဖောဖော သီသီရမှာလား။


☺ မိုးလေဝသ သတင်းပြီးရင် အကြောင်းပြန်ပါ့မယ်ခင်ဗျာ။

## သိသင့်တယ်ထင်လို့ပါ

☺ ရာထူးတက်အောင် ဘယ်လို လုပ်ရမလဲ။

☺ ဘယ်မှာလုပ်သလဲ။

☺ ဘယ်မှ မလုပ်သေးပါဘူး။ ခုမှ တစ်ခုခုလုပ်မယ်စိတ်ကူးလို့။



www.burmeseclassic.com


## ဟုတ်ကဲ့သူဌေး

"ဘော့စ် – မနက်ဆယ်နာရီမှာ ဧည့်သည်လာမယ်။ ဆယ့်တစ်နာရီမှာဒါရိုက်တာအဖွဲ့အစည်းအဝေးရှိတယ်။ ဆယ့်နှစ်နာရီမှာ ထမင်းစားပွဲတစ်ခုသွားရမယ်။ နေ့လည်ပိုင်းမှာ ကုန်စည်ပြပွဲကို ဖွင့်ပေးရမယ်။

"ကောင်းပြီ"

ညနေမှာ အဆောက်အဦးအသစ်အတွက် အင်ဂျင်နီယာလာမယ်။


"ဟုတ်ပြီ"

လေးနာရီမှာ ဝန်ထမ်းသစ်ရွေးချယ်ပွဲရှိတယ်။

"အင်း"


အဲဒါပြီးရင် ...

ခဏနေပါဦး။ငါကအလုပ်သမားလား။ ညီးက အလုပ်သမားလား။ ငါစဉ်းစားလိုက်ချင်သေးလို့။



www.burmeseclassic.com


## စက္ကူရီထေရီဆိုတာ



☺ ပထမတော့ ကိုယ်ခိုင်းချင်တာလေးရှိရင်ခိုင်းရအောင်ငှားလိုက်တာပေါ့ဗျာ။

☺ ခု ဘယ်သွားမလို့လဲ။

☺ စက္ကူရီထေရီကကြွက်ကြော်လေးကြိုက်တတ်လို့သွားဝယ်မလို့။

## ကျွမ်းကျင်သူပဲကောင်းပါတယ်



☺ သူဌေး သူဌေး အလုပ်ခန့်လိုက်တဲ့ကလေးက လိမ်ညာမှုနဲ့ ရဲစခန်းရောက်ဖူးတယ်နော်။

☺ သိသားပဲ။

☺ လူကောင်းလေးတစ်ယောက်လောက်ရှာခန့်ပါလားဗျာ။

☺ ဟာဗျာ။ လူကောင်းသူကောင်းကိုမဖျက်ဆီးချင်ပါဘူး။

စိန်စိန်ဦး စာအုပ်တိုက်

www.burmeseclassic.com

ကံချွန်

# ဒိုးဒိုးဒေါက်ဒေါက် ဟာသများ



BURMESE CLASSIC .com